ယခု ပညာသင်နှစ်မှစ၍ အလယ်တန်းနှင့် အထက်တန်းအဆင့်များ

## စာသင်ကြားချိန် တိုးမည်

စာ .. ၁၀ သို့ »

## မစိမ့်ထက်သေဆုံးမှု ခေါင်းဆောင်နှစ်ဦးကို

ပူတာအို အကျဉ်းထောင်မှာ ဖမ်းဆီး ချုပ်နှောင်ထား

စာ .. ၅ သို့ »

လီဆူတိုင်းရင်းသားများ အနေဖြင့် ကချင်လူမျိုးမိသားစုချင်း

## ဆန္ဒပြတောင်းဆိုရန်မလိုဟု ကေအိုင်အိုမိုလ်မှူးကြီး ပြော

စာ .. ၃ သို့ »

# မြစ်ကြီးနားသတင်း ဂျာနယ်®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၁၉) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( ဇွန် ၁၀ ၊ ၂၀၁၉ )

EVERY MONDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal

# တစ်ကျော့ပြန်တိုက်ပွဲ

# ၈ နှစ်ပြည့်ပြီ

စာ .. ၂ သို့ »




"အခက်အခဲကတော့ ပြောမနေပါနဲ့တော့ စဖြစ်ဖြစ်ချင်းဆိုရင် ဘာမှမရလိုက်ဘူး။ ရတနာပစ္စည်း နည်းနည်းလည်း ပြန်သွားယူလို့မရဘူး။ အိမ်မွေးတိရစာန်တွေ ဘာမှ မရှိတော့ဘူး။ မျက်ရည်နဲ့ ထမင်းနဲ့ ရောပြီးစားနေရတယ်။ အရမ်းကြာနေပြီ။"

စာ .. ၁၆ သို့ »

# တစ်ကျော့ပြန်တိုက်ပွဲ ၈ နှစ်ပြည့်ပြီ


ဓာတ်ပုံ - Salai

ဇွန် ၇

**တစ်**ကျော့ပြန် တိုက်ပွဲများကြောင့် စစ်ဘေးရှောင်ပြည်သူများ စစ်ရှောင်ခြင်း ၈ နှစ်ပြည့် ဆုတောင်းပွဲ အခမ်းအနားကို ဇွန်လ ၈ ရက်နေ့က မြစ်ကြီးနားမြို့ရှိ မနောကွင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စစ်ရှောင်ပြည်သူများ နေရပ်စွန့်ခွာခြင်း ရှစ်နှစ်ပြည့် ခွန်အားယူ ဆုတောင်းခြင်းနှင့် စစ်ရှောင်လူငယ်များ၏ ခံစားချက်ကို တေးသရုပ်ဖော်သည့် အစီအစဉ်ဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ပြုလုပ်ခဲ့သည်။

"ပထမပိုင်းက ဆုတောင်းပွဲ အစီအစဉ်ပေါ့။ အဲ့မှာ စစ်ရှောင်ပြည်သူတွေနဲ့ ပတ်သက်ပြီး အခုလက်ရှိ ဆွေးနွေးနေတဲ့ ဟာတွေ ပြောပြတယ်။ လက်ရှိ ငြိမ်းချမ်းရေး ဖြစ်စဉ်တွေ ပြောတယ်။ ထုတ်ပြန်ချက်တစ်စောင်ဖတ်တယ်ပေါ့။ ဒုတိယပိုင်းမှာတော့ စစ်ရှောင်လူငယ်တွေရဲ့ အသံ၊ ခံစားချက်တွေကို တေးသရုပ်ဖော်တဲ့ အစီအစဉ်ပါ"ဟု ပွဲဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ကိုပေါလုက ပြောသည်။


စစ်ဘေးရှောင် ရှစ်နှစ်ပြည့်သည် ဇွန်လ ၉ ရက်နေ့တွင် ကျရောက်မည်ဖြစ်သော်လည်း ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်နေသည့်အတွက် ဇွန်လ ၈ ရက်နေ့တွင် ကြိုတင်ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် ဇွန်လ ၉ ရက်နေ့က မင်းရပ် ရပ်ကွက်ရှိ ပြည်သူ့ရင်ပြင် အားကစားကွင်းနှင့် မြို့သစ်ရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း ရပ်တုရှိရာ ပန်းခြံတို့တွင် စစ်ရှောင်လူငယ်များ ခံစားချက် တေးသရုပ်ဖော် အစီအစဉ်များ ပြုလုပ်ရန် စီစဉ်ခဲ့ကြောင်း ကိုပေါလုက ပြောသည်။

စစ်ရှောင်ပြည်သူများနေရပ်ပြန်နိုင်ရေး၊ ကယ်ဆယ်ရေးစခန်းများ ရုတ်သိမ်းရေးအတွက် အစိုးရနှင့် ကချင်ပြည်နယ် စစ်ဘေးရှောင်ပြည်သူများကို ကူညီစောင့်ရှောက်ရေး ကော်မတီ (KHCC)တို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး စစ်ရှောင်ပြည်သူများ ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေးကို တောင်းဆိုသည့်အနေဖြင့် ယခုကဲ့သို့ အစီအစဉ်များကို ပြုလုပ်ရခြင်းဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့မှ စတင်ကာ ဖြစ်ပွားခဲ့သည့် တစ်ကျော့ပြန်စစ်ပွဲများကြောင့် ကချင်ပြည်နယ်တွင် စစ်ဘေးရှောင်ပြည်သူ တစ်သိန်းကျော်ခန့် ရှိနေပြီး မြစ်ကြီးနားမြို့မှ ပြည်သူများနှင့် စစ်ဘေးရှောင်သူတို့က ထိုနေ့ရောက်တိုင်း မြစ်ကြီးနားမြို့ရှိ မနောင်ကွင်းတွင် ဆုတောင်းခြင်း အစီအစဉ်များကို နှစ်စဉ်ကျင်းပခဲ့ကြသည်။

Salai


ဓာတ်ပုံ - Salai

ဘာသာစုံ ဂုဏ်ထူးရှင်များစွာ နှစ်စဉ်မွေးထုတ်ပေးနေသော ဆရာကြီး၊ ဆရာမကြီးများဖြင့် ဖွဲ့စည်းထားပြီး အနီးကပ်ကြီးကြပ်အုပ်ချုပ်သော Guide ဆရာ/ဆရာမအပြည့်ဖြင့် တည်ထောင်ထားသည်

PYINNYA MOE PNM EDUCATION CENTRE
ပညာမိုး
အဆင့်မြင့် ကိုယ်ပိုင်အထက်တန်းကျောင်း

နှစ်ကျတန်းခွဲ ၁၅.၆.၂၀၁၉ နေ့တွင် စတင်သင်ကြားမည်

"ကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်လှစ်ခွင့် ရရှိသော ပထမဦးဆုံးနှစ်ဖြစ်သောကြောင့် သင့်လျော်သော သင်တန်းကြေးသာ ကောက်ခံပြီး အောင်ချက်ကောင်းရန် အစွမ်းကုန်ကြိုးစားသွားမည်"


မောင်ဆိုင်းထွယ်အောင်(သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)

မှတ်တမ်းများမှ ပြောသောသမိုင်း

စာသင်သက် (၁၅)နှစ်အတွင်း
- ဆေးတက္ကသိုလ်ကျောင်းသား
- အင်ဂျင်နီယာကျောင်းသား
- စီးပွားရေးတက္ကသိုလ်ကျောင်းသားများနှင့်
- အခြားအသက်မွေးဝမ်းကျောင်း
တက္ကသိုလ် ကျောင်းသားများ ၁၀၀၀ ကျော်
မွေးထုတ်ပြီးစီးခြင်း

ဝိဇ္ဇာတွဲ
လက်ခံသင်ကြားသည်


မဆိုင်းမိုင်
(ဇီဝ)


မဂျာဆိုင်းအောင်
(မြန်မာ၊ဓာတု၊ဇီဝ)


မထက်ထက်ဝင်း
(မြန်မာ၊သင်္ချာ၊ရူပ)

ဝန်ဆောင်မှု နှုန်းထားများ
Section သီးသန့် (၃သိန်းခွဲ)
Semi - Boarder (စာသင်၊ ဂိုက်၊ အိပ်) (၇သိန်း)
ဘော်ဒါအပြီးအစီး (၁၅သိန်း)




မောင်လီတား
(သင်္ချာ၊ရူပ)

တည်နေရာ–အမှတ်(၂၇)၊ရန်ကြီးအောင်(လင်းရောင်ခြည်ရပ်ကွက်)၊အထက(၈)ကျောင်းနှင့်ဆောက်လုပ်ရေးတိုက်တန်းကြားလမ်း၊မြစ်ကြီးနားမြို့။ဖုန်း –၀၉–၄၃၁၃၃၅၄၉၊ ၀၉–၄၀၀၀၁၄၀၇၉၊ ၀၉–၇၇၅၈၀၈၇၈၃

www.myitkyinanewsjournal.com
http://www.facebook.com/myitkyinanewsjournal.mm
Youtube - myitkyinanewsjournal

# လီဆူတိုင်းရင်းသားများ အနေဖြင့် ကချင်လူမျိုးမိသားစုချင်း ဆန္ဒပြတောင်းဆိုရန်မလိုဟု ကေအိုင်အိုဗိုလ်မှူးကြီး ပြော



ဓာတ်ပုံ - Salai

ဇွန် ၇

**လီ**ဆူတိုင်းရင်းသားများ အနေဖြင့် ကချင်လူမျိုးမိသားစုတွင်း ပြဿနာကို ညှိနှိုင်းဆွေးနွေး အဖြေရှာရမည်ကို ဆန္ဒပြတောင်းဆိုရန် မလိုကြောင်း ကေအိုင်အို/ကေအိုင်အေမှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

လီဆူတိုင်းရင်းသားများက ၎င်းတို့လူမျိုးများကို ကေအိုင်အို/ကေအိုင်အေ က ဖမ်းဆီး သတ်ဖြတ်ခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး မကျေနပ်၍ ဇွန်လ ၃ ရက်နေ့က မြစ်ကြီးနားမြို့တွင် ကေအိုင်အို/ကေအိုင်အေကို ဆန္ဒပြခဲ့ပြီးနောက် ကေအိုင်အိုဘက်က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

> ❝ ဒီလို ဆန္ဒဖော်ထုတ် လှည့်လည်ရတဲ့ ရည်ရွယ်ချက်ကတော့ ကေအိုင်အို/ ကေအိုင်အေကနေကျွန်တော်တို့ လီဆူတွေအပေါ်မှာ မတရားဖမ်းဆီး နှိပ်စက် သတ်ဖြတ်ပြီးတော့ လုပ်တဲ့အတွက် မခံမရပ်နိုင်လို့ လုပ်ရခြင်းဖြစ်ပါတယ်။ ❞

"သူတို့ကတော့ နိုင်ငံရေးပါတီနဲ့ လှုပ်ရှားနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ နိုင်ငံရေးပါတီနဲ့ တိုက်ရိုက် ဆက်သွယ်ပြီးမှ အလုပ်လုပ်ဖို့ကတော့ ကျွန်တော်တို့ ကေအိုင်အို/ကေအိုင်အေအနေနဲ့တော့ အဆင်မပြေဘူး။ သူတို့က နိုင်ငံရေးပါတီဖြစ်နေပါတယ်။ ဒါတစ်ချက်၊ ဒီ လီဆူတိုင်းရင်းသားတွေအားလုံးဟာ ကျွန်တော်တို့ လူမျိုးတွေ ဖြစ်ပါတယ်။ ကချင်လူမျိုး အချင်းချင်း အခုလိုမျိုး ဆန္ဒပြပြီးမှ တောင်းဆိုဖို့ကတော့ မလိုဘူးလို့ ကျွန်တော်တို့ ပြောလိုပါတယ်။ လိုအပ်တာရှိလို့ရှိရင်တော့ အားလုံး စည်းစည်းလုံးလုံး ညှိညှိနှိုင်းနှိုင်း ဆွေးနွေးအဖြေရှာပြီး လုပ်ရင်ကောင်းပါတယ်။ လီဆူအမျိုးတွေလည်း ကျွန်တော်တို့ ကေအိုင်အေ/ ကေအိုင်အိုမှာ အများကြီး ရှိပါတယ်။ လူကြီးတွေလည်း အများကြီးပါပါတယ်။ အဲ့ဒါကြောင့် တကယ်လို့များ လီဆူတိုင်းရင်းသားအားလုံးနဲ့ ကိုယ်စားပြုပြီးမှ ပြောလိုတဲ့ကိစ္စတွေ ရှိလို့ရှိရင်တော့ ဒါက ကျွန်တော်တို့ မိသားစုတွင်း ဖြစ်ပါတယ်။ အားလုံးညှိနှိုင်းဖြေရှင်းလို့ရတဲ့ ကိစ္စလည်း ဖြစ်ပါတယ်။ ကျွန်တော်က အဲ့လိုပဲ ပြောလိုပါတယ်"ဟု ဗိုလ်မှူးကြီးနော်ဘူက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

လီဆူ တိုင်းရင်းသားများကို ကေအိုင်အို/ကေအိုင်အေမှ သတ်ဖြတ်သည်ဆိုသည့် ကိစ္စနှင့် ပတ်သက်၍လည်း ကေအိုင်အို/ကေအိုင်အေ ဗဟိုအနေဖြင့် စစ်ဆေးရေးအဖွဲ့ စေလွှတ်ကာ စိစစ်၊ စစ်ဆေးမှုများကို ပြုလုပ်လျက် ရှိနေကြောင်းလည်း ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

"ကျွန်တော်တို့ ဘက်က ဝန်ထမ်းတွေ မှားတာလားပေါ့။ ဘာဖြစ်လို့ ဒီလိုဖြစ်သွားတာလဲ။ ဒါတွေကို စိစစ်ဖို့၊ စစ်ဆေးဖို့ ကျွန်တော်တို့ စစ်ဆေးရေး အဖွဲ့တွေကို ကျွန်တော်တို့ ဗဟိုကနေ စေလွှတ်ပြီးမှ တာဝန်ပေးလိုက်တာ ရှိပါတယ်။ သူတို့ဘက်က ကျွန်တော်တို့ ဗဟိုဌာနချုပ်ကိုတော့ အခုထက်ထိ ပြန်မရောက်လာသေးဘူး"ဟု ၎င်းကပြောသည်။

ကေအိုင်အို/ ကေအိုင်အေ လက်အောက်ဝန်ထမ်းများမှ ယခုကဲ့သို့ ခြေလွန်လက်လွန် ဖြစ်ပွားခဲ့သည့် ကိစ္စအပေါ် စိစစ်ပြီးပါက ဝန်ထမ်းများကို စည်းမျဉ်းစည်းကမ်းအတိုင်း ထိုက်သင့်သည့်ပြစ်ဒဏ် ပေးသွားမည်ဖြစ်ကြောင်းလည်း ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

"ကျွန်တော်တို့ ဘက်က ကေအိုင်အို/ ကေအိုင်အေရဲ့ဝန်ထမ်းကိုလည်းစိစစ်နေတုန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း တကယ်လို့များ မလုပ်သင့်တဲ့ဟာတွေ လုပ်လို့ရှိရင်တော့၊ ခိုင်လုံမှုမရှိတဲ့ အလုပ်တွေကို လုပ်ပြီးဆိုရင်တော့ ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေကို ပေးရမှာဖြစ်ပါတယ်"ဟုဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

ဇွန်လ ၃ ရက်နေ့က ကေအိုင်အို/ကေအိုင်အေ အပေါ် ဆန္ဒဖော်ထုတ်ရခြင်းသည် မိမိတို့ လီဆူတိုင်းရင်းသားများအပေါ် မတရားဖမ်းဆီး သတ်ဖြတ်နေမှုများကို မခံမရပ်နိုင်သည့်အတွက် ဆန္ဒပြရခြင်း ဖြစ်သည်ဟုလည်း လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ဥက္ကဋ္ဌ ဦးရွှေမင်း(ခ) ဆီဖာလာလူးက ပြောသည်။

"ဒီလို ဆန္ဒဖော်ထုတ် လှည့်လည်ရတဲ့ ရည်ရွယ်ချက်ကတော့ ကေအိုင်အို/ ကေအိုင်အေကနေ ကျွန်တော်တို့ လီဆူတွေအပေါ်မှာ မတရားဖမ်းဆီး နှိပ်စက် သတ်ဖြတ်ပြီးတော့ လုပ်တဲ့အတွက် မခံမရပ်နိုင်လို့ လုပ်ရခြင်းဖြစ်ပါတယ်။ သူတို့ကို တောင်းဆိုချက် ၄ ချက် တောင်းဆိုထားပါတယ်"ဟု ဦးရွှေမင်းက ပြောသည်။

၎င်းတို့ တောင်းဆိုသည့် အချက်၄ချက်မှာ -(၁)လီဆူလူမျိုးများအပေါ် ကေအိုင်အို/ ကေအိုင်အေ အဖွဲ့က မတရားဖမ်းဆီး ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့မှုအတွက် ကေအိုင်အို/ကေအိုင်အေဗဟိုမှ တရားဝင် တောင်းပန်ကြောင်း ကြေညာချက် ထုတ်ပြန်ပေးရန်။ (၂)နောက်နောင် လီဆူလူမျိုးများအပေါ် မတရား ညှဉ်းပန်း သတ်ဖြတ်မှုများ မပြုလုပ်ရေးအတွက် ကေအိုင်အို/ကေအိုင်အေဗဟိုမှ တာဝန်ယူ၊တာဝန်ခံ ကတိကဝတ်ပြုပေးနိုင်ရန်၊ (၃) သတ်ဖြတ်ခံရသူ လီဆူမိသားစုဝင်များကို နစ်နာကြေးနှင့်အတူ ရိုးရာဓလေ့ထုံးတမ်း၊ ဘာသာရေး ထုံးတမ်းဆိုင်ရာ လူမှုရေး ဆောင်ရွက်မှုများ ဆောင်ရွက်ပေးရန်။ (၄) လီဆူလူမျိုးများအပေါ် အတင်းအဓမ္မလူသစ်စုဆောင်းပြီး ငွေညစ်ခြင်းမျိုးကို မပြုလုပ်ရန်အတွက် ကေအိုင်အို/ကေအိုင်အေ ဗဟိုမှ ကြပ်မတ်ဆောင်ရွက်ပေးရန်၊ စသည့် အချက် ၄ ချက်ကို တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။

ကေအိုင်အို/ ကေအိုင်အေ လက်အောက်ဝန်ထမ်းများမှ ကျူးလွန်ခဲ့သည့် လုပ်

စာ .. ၁၁ သို့ »



**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေ

**Website Design**
La Tawng,

**Graphic Design, သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# မိုးညှင်း ဒုတိယခရိုင်တရားသူကြီး၏စီရင်ချက်ကို မကျေလည်၍ သတင်းစာရှင်းလင်း




မိုးညှင်း၊ ဇွန် ၂

ရဲအရာရှိ တစ်ဦးနှင့် ဖောက်ပြန်သည်ဟု ဆိုကာ ဇနီးဖြစ်သူကို တစ်လင်တစ်မယားဥပဒေဖြင့် တရားစွဲဆိုထားသောအမှုနှင့် ပတ်သက်ပြီး မိုးညှင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့် တရားလိုက မိုးညှင်းမြို့တွင် ဇွန်လ ၂ရက် နေ့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ဟိုပင်မြို့ မြသီတာရပ်ကွက်မှ ကိုသိန်းအေးက ၎င်း၏ဇနီးဖြစ်သူသည် ဖားကန့်တွင် တာဝန်ကျနေသော ဒုရဲမှူးအဆင့် ရဲအရာရှိတစ်ဦးနှင့် အိမ်ထောင်ရေး ဖောက်ပြန်ခဲ့သည်ဟုဆိုကာ တစ်လင်တစ်မယား စနစ် ဥပဒေဖြင့် တရားစွဲဆိုထားသည့် အမှုနှင့် ဇနီးဖြစ်သူ လျှောက်ထားခဲ့သော ကွာရှင်းလိုမှု နှစ်မှုလုံးကို မပေါ်ပေါက်ကြောင်း ဆုံးဖြတ်ခဲ့၍ ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲ ကျင်းပရခြင်းဖြစ်သည်ဟု ဆိုသည်။

“တစ်လင် တစ်မယား စနစ် ပေါ်ပေါက်ပါလျက်နဲ့ ခရိုင် ဒုတိယတရားသူကြီး ဒေါ်သီတာအောင်က ပယ်ချတယ်။ နောက်တစ်မှုဖြစ်တဲ့ လင်မယား ကွာရှင်းလိုမှုမှာလည်း ကျွန်တော့်ကို ဆင့်ခေါ်တာ မရှိဘူး။ မိုးညှင်းမြို့နယ်တရားရုံး တရားသူကြီး ဦးဟန်မင်းစိုးကပေးတဲ့ ဆင့်ခေါ်စာကို ဆင့်စာလုလင်က ကျွန်တော်နေတဲ့ အိမ်ကိုလည်း မလာဘူး။ ကျွန်တော့်ဆီလည်း မရောက်ဘူး။ ကျွန်တော်နဲ့ တရားရင်ဆိုင်နေတဲ့ ဇနီးဟောင်းရဲ့ ညီမဖြစ်သူ သန်းသန်းဌေးဆီကို သွားပြီး လက်မှတ် ထိုးခိုင်းတယ်။ တရားရုံးမှာလည်း တစ်အိမ်တည်းအတူနေတဲ့ညီမ ဆိုပြီး လိမ်ညာပြီး တင်ပြတယ်။ ဒါကို မြို့နယ်တရားသူကြီးကလည်း အတည်ပြုလို့”ဟု ကိုသိန်းအေးက ပြောသည်။

ကိုသိန်းအေး အနေဖြင့် ဆင့်စာ မရောက်ရှိကြောင်း၊ ခေါ်ယူမထားကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ဟိုပင်ရဲစခန်း၏ ထောက်ခံစာများ ခရိုင်တရားရုံး ဒုတိယ တရားသူကြီးထံ ပြန်လည် တင်ပြခဲ့သော်လည်း လက်မခံခဲ့ကြောင်း၊ တရားရုံးဆုံးဖြတ်ချက်သည် တစ်ဖက်သတ်ဆန်သည်ဟု ယူဆ၍ သတင်းစာ ရှင်းလင်းရခြင်း ဖြစ်ကြောင်း ကိုသိန်းအေးက ပြောသည်။

သတင်းစာ ရှင်းလင်းပွဲတွင် ပါဝင်သည့် တရားလို၏ အစ်မ ဒေါ်တင်ပြုံးကလည်း “ကျွန်မရဲ့ မောင်ရဲ့ဇနီးနဲ့ ဖားကန့်က ဒုရဲမှူးတို့ ခိုးယူပေါင်းသင်းနေတယ် ဆိုပြီး ကျွန်မတို့က တိုင်တန်းခဲ့လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က (ရဲ စည်းကမ်း ထိန်းသိမ်းရေး ဥပဒေအရ) ထောင်ဒဏ် တစ်နှစ် ချပေးထားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ မောင်ဖြစ်သူ သိန်းအေးနဲ့ တရားရင်ဆိုင်နေတဲ့ သူ့ရဲ့ ဇနီးက မိုးညှင်းခရိုင် တရားရုံးမှာ အယူခံတက်လာတာကို ဒုတိယခရိုင်တရားသူကြီး ဒေါ်သီတာအောင်က ခိုးယူပေါင်းသင်းကြောင်း ဗီဒီယိုနဲ့ ဓာတ်ပုံမပါလို့ဆိုပြီး အမိန့်ချပေးခဲ့ပါတယ်။ ဒုရဲမှူးကို ထောင်ဒဏ် တစ်နှစ်ချပေးထားတာရှိပါလျက်နဲ့ မိုးညှင်းခရိုင်တရားရုံးက တစ်ဖက်သတ် အမိန့်ချပေးခဲ့လို့ အမှန်တရား ပျောက်ဆုံးနေပါတယ်။ တရားရေးမဏ္ဍိုင်ဟာ အမှန်တရားဖြစ်ဖို့ လိုနေပါတယ်”ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ဒုရဲမှူးနှင့် တရားလို၏ ဇနီးဟောင်းတို့ အတူနေထိုင်ရာ အိမ်ပတ်ဝန်းကျင်မှ သက်သေများလည်း ပါဝင် ရှင်းလင်းပြောကြားခဲ့ပြီး ၎င်းတို့နှစ်ဦးပေါင်းသင်းနေထိုင်သည်ကို ထောက်ခံပြောဆိုခဲ့ကြသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မိုးညှင်းခရိုင်တရားသူကြီး ဦးဝင်းဆောင်က အမှုရင်ဆိုင်သူများ အနေဖြင့် မေလ ၁၇ ရက်နေ့က အမှုနှစ်မှုကို တရားရှင်လွှတ်ပေးခဲ့သည့် ဒေါ်သီတာအောင်၏ ဆုံးဖြတ်ချက်အမိန့်ကို မကျေလည်ကြပါက သက်ဆိုင်ရာ တရားရုံးအဆင့်ဆင့်သို့ အယူခံဆက်လက်လျှောက်ထားနိုင်ကြောင်း ပြောကြားသည်။

“ကျွန်တော်တို့က အမှုတွဲမှာ ပေါ်ပေါက်တဲ့ သက်သေခံချက်တွေ၊ နောက်ပြီးတော့ ပြဋ္ဌာန်းချက်ဥပဒေတွေရယ်၊ စီရင်ထုံးလမ်းညွှန်မှုတွေကို ဆက်စပ်သုံးသပ်ပြီးတော့ အမိန့်တွေ ချမှတ်ကြပါတယ်။ မိုးညှင်းမြို့နယ်တရားရုံးက လင်မယားကွာရှင်းလိုမှုနဲ့ ပတ်သက်ပြီး ဆင့်ခေါ်စာကိစ္စမှာ မှားသလား မှန်သလား ဆိုတာတွေ။ ကိုသိန်းအေးနဲ့ အမျိုးတော်သလား၊ မတော်ဘူးလားဆိုတာတွေက ဆင့်စာလုလင်က ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အမှားအယွင်း ရှိတယ်ဆိုရင်လည်း စုံစမ်းစစ်ဆေးပြီးတော့ ထိုက်သင့်သလို ဆောင်ရွက်မယ့် အနေအထားတွေတော့ ရှိပါတယ် . . မှားခဲ့လို့ရှိရင်ပေါ့”ဟု ခရိုင်တရားသူကြီးက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

မိုးညှင်းခရိုင် တရားရုံးတွင် ရှုံးနိမ့်ခဲ့ရသော အမှုများအတွက် နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများထံသို့ တိုင်ကြားစာ ပေးပို့သွားမည်ဟု သိရပြီး တရားလွှတ်တော်ရုံး အဆင့်ဆင့်သို့လည်း အယူခံ ဆက်လက် တင်သွင်းသွားကြမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသည် မိုးညှင်းမြို့တွင် ပထမဦးဆုံးအကြိမ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး “မိုးညှင်းခရိုင်တရားရုံး ဒုတိယတရားသူကြီး ဒေါ်သီတာအောင်မှ စီရင်ဆုံးဖြတ်ခဲ့သော အချက်များနှင့် ပတ်သက်၍ တရားဥပဒေ စိုးမိုးမှုကို လိုလားတောင့်တကာ နှစ်သက်မြတ်နိုးကြပြီး တည့်မတ်သော တရားရေးမဏ္ဍိုင်အား အားကိုး နေထိုင်လိုကြသော မြို့မိမြို့ဖများ၊ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်း အသီးသီးနှင့် ဌာနအသီးသီးမှ လူကြီးမင်းတို့မှ ကြွရောက်ချီးမြှင့်ပေးပါရန်”ဟု ရေးသားကာ ကိုသိန်းအေး မိသားစုတို့က လွှတ်တော် ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်ရာ ဌာနအသီးသီးတို့ကို ဖိတ်ကြားခဲ့ကြကြောင်း သိရသည်။ ■

ထွန်းထွန်း(မိုးညှင်း)






# မစိမ့်ထက်သေဆုံးမှု ခေါင်းဆောင်နှစ်ဦးကို ပူတာအို အကျဉ်းထောင်မှာဖမ်းဆီး ချုပ်နှောင်ထား သက်သေများကို ပူတာအိုရဲစခန်းက စစ်ဆေးနေ



ဇွန် ၇

ရေခဲတောင်ပေါ်မှ မစိမ့်ထက် ပြုတ်ကျ သေဆုံးမှုကြောင့် လူသေမှုပုဒ်မဖြင့် အမှုဖွင့်ခံထားရသော The Summiter တောင်တက်အဖွဲ့ခေါင်းဆောင်နှစ်ဦး အမှုမှ သက်သေ ၂၁ ဦးကို ပူတာအိုမြို့မရဲစခန်းက စစ်ဆေးနေကြောင်း စခန်းမှူး ဒုရဲမှူး ခင်ဇော်ဦးထံမှ သိရသည်။

မစိမ့်ထက်၏ ဖခင်ဖြစ်သူ ဦးမောင်မောင်လေးမှ တရားလိုပြု တိုင်ကြားချက်အရ ရာဇသတ်ကြီး ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်ခံထားရသည့် တောင်တက်အဖွဲ့ခေါင်းဆောင် ကိုဇော်ဇင်ခိုင်နှင့် ဒုတိယခေါင်းဆောင် ကိုအောင်ခိုင်မြင့်တို့ကို ချုပ်ရမန်ယူ၍ ပူတာအိုထောင်တွင် ဖမ်းဆီးချုပ်နှောင်ထားပြီး တောင်တက်ခရီးစဉ်တွင် အတူလိုက်ပါခဲ့ကြသူများကို စစ်ဆေးနေခြင်းဖြစ်ကြောင်း သိရသည်။

"မစိမ့်ထက်ရဲ့ မိဘဖြစ်သူ ဦးမောင်မောင်လေးရဲ့၊ သူ့ရဲ့ တိုင်ကြားချက်အရပေါ့နော်။ အဖွဲ့ခေါင်းဆောင် ကိုဇော်ဇင်ခိုင်နဲ့ ဒုတိယခေါင်းဆောင် ကိုအောင်ခိုင်မြင့်တို့ကို ကျွန်တော်တို့ ဥပဒေနဲ့အညီ ပေါ့နော်။ ချုပ်ရက်ရမန် ရယူပြီး ပူတာအို အကျဉ်းထောင်မှာ ချုပ်ထားပါတယ်"ဟု ဒုရဲမှူး ခင်ဇော်ဦးက အတည်ပြု ပြောကြားသည်။

ဧပြီလ ၁၂ ရက်နေ့မနက်ပိုင်းခန့်က ပူတာအိုမြို့နယ်၊ ဖန်ကရန် ရေခဲတောင်တက်ခရီး အပြန်လမ်းတွင် မစိမ့်ထက် သေဆုံးခဲ့မှုသည် အမှန်တကယ် ပြုတ်ကျသေဆုံးခဲ့ခြင်း ဟုတ်မဟုတ် သိရှိနိုင်ရန်အတွက်လည်း ပူတာအိုမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၃/၂၀၁၉) ဖွင့်လှစ်ကာ တောင်တက်အဖွဲ့သားများနှင့် ဒေသခံ အထမ်းသမားများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မစိမ့်ထက် ပြုတ်ကျပြီး တစ်လကျော်အကြာတွင်ဒေသခံ ကိုလန်ဝမ်အထိန် ဦးဆောင်သည့် ဒေသခံ ရှစ်ဦးအဖွဲ့မှ လိုက်လံရှာဖွေခဲ့ရာ မေလ ၂၄ ရက်နေ့တွင် ပြန်လည်တွေ့ရှိ၍ ပူတာအိုသို့ သယ်ဆောင်ခဲ့သည်။

မေလ ၂၇/၂၈ ရက်နေ့တို့တွင် ပူတာအိုပြည်သူ့ဆေးရုံ၌ မြစ်ကြီးနား မှုခင်းဆရာဝန် ဒေါက်တာမဂေါ်လမှ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ပူတာအိုတွင် မီးသင်္ဂြိုဟ်ခဲ့သည်။ ■


ဂျိုး (ပူတာအို)




## အိမ်ခြံမြေရောင်းရန်ရှိသည်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တပ်ကုန်းတောင် အိမ် အမှတ်-၆၀ ၊ (A/B✓)၊ အလျား (၁၂၀) ၊ အနံ ၅၃ ပေ ရှိသည့် မြေကွက်အလွတ်ကို ကြမ်းခင်းဈေး သိန်း(၁၅၀၀)ကျပ်ဖြင့် ရောင်းရန်ရှိသည်။(ညှိနှိုင်းဈေး)ရှိသည်။ အသေးစိတ်သိရှိလိုပါကအောက်ပါ ဖုန်းနံပါတ်တွင် ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉ -၄၇၀၀၃၉၄၀




မြေကွက်တည်နေရာ

![Editorial] အယ်ဒီတာ့အာဘော်

## မီးလောင်ရာလေပင့်ဆိုတဲ့ 'ငါ'စွဲစိတ်ကိုပြင်ပြီး ပဋိပက္ခတွေကို ဖြေရှင်းဖို့လို

မြန်မာ့တပ်မတော်နဲ့ ကေအိုင်အေတို့ ဖေဖော်ဝါရီ ၅ ရက် ၁၉၆၁ ခုနှစ်ကစပြီး ဖေဖော်ဝါရီ ၂၄ ရက် ၁၉၉၄ ခုနှစ်အထိ နှစ်ပေါင်း ၃၃ နှစ်ကျော်ကြာ ပထမအကြိမ် ပဋိပက္ခဖြစ်ခဲ့ပါတယ်။ အဲ့ဒီနောက် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ နှစ်ဖက် အပစ်ခတ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြပါတယ်။

ဇွန်လ ၉ ရက် ၂၀၁၁ ခုနှစ်မှာ အပစ်ခတ်ရပ်စဲရေး ပျက်ပြယ်ခဲ့ပြီး တစ်ဖန် ဒုတိယအကြိမ် ပဋိပက္ခ ပြန်ဖြစ်လာခဲ့တာဟာဆိုရင် ဒီနှစ် ၂၀၁၉ ခုနှစ်မှာ ၈ နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်ပါတယ်။

ဒီပဋိပက္ခတွေကြောင့် နှစ်ဦးနှစ်ဖက် ကောင်းကျိုးချမ်းသာ မခံစားခဲ့ရဘဲ ကြီးမားတဲ့ကုန်ကျစရိတ်တွေ ဖြစ်တဲ့ စစ်လက်နက်၊ ရိက္ခာ၊ အိုး အိမ်အဆောက်အဦးတွေ ဆုံးရှုံးခဲ့ရတဲ့အပြင် တန်ဖိုးကြီးလှတဲ့ လူ့အသက်တွေကိုပါ ပေးဆပ်ခဲ့ကြရပြီး အဆိုးဆုံးက အပြစ်မဲ့ပြည်သူအများ အိုးအိမ်စွန့်ဘဝပျက်လို့ စစ်ပြေးဘဝနဲ့ ဆင်းရဲဒုက္ခကြီးစွာ နေထိုင်နေကြရတာ အားလုံးအသိပါ။

ဒီလိုပဋိပက္ခတွေကို ကိုင်တွယ်ဖြေရှင်း ညှိနှိုင်းပေးရမယ့်အစား တချို့သောခေါင်းဆောင်တွေဟာ မိမိအုပ်စု၊ မိမိပါတီ၊ မိမိလူမျိုး၊ မိမိဘာသာ သာသနာ၊ မိမိအကျိုးစီးပွားကိုသာ ကြည့်ပြီး မီးလောင်ရာလေပင့် လုပ်နေတာ တွေ့ရတော့ တိုင်းပြည်နဲ့ လူမျိုးအတွက် အင်မတန်ဝမ်းနည်း စိတ်မကောင်း ဖြစ်မိပါတယ်။

နိုင်ငံအတော်များများမှာ နိုင်ငံတော်ဆိုတာကို သုံးနှုန်းပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းက အကြီးမားဆုံးပါ။ နိုင်ငံတော်ကို ချုပ်ကိုင်ထားပြီး စီးပွားရေးအာဏာကို ထိန်းကွပ်လို့ သူ့ရဲ့ မြို့တော်ကုန်ထုတ်စီးပွားရေးနဲ့ သူတို့အကျိုးစီးပွားအတွက်ကိုသာ ဦးစားပေး လုပ်တတ်ကြပါတယ်။ အဲ့ဒါကြောင့်လည်း နိုင်ငံတော်ယန္တရားကို ချုပ်ကိုင်နိုင်ဖို့ ပြင်းထန်တဲ့ အားပြိုင်မှုတွေ ဖြစ်လာပြီး ပဋိပက္ခတွေ ဖြစ်လာရတာပါ။

ဒီလိုပဋိပက္ခတွေကို ဖြေရှင်းဖို့က ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးဆိုတဲ့ ဘက်မလိုက်တဲ့ပုံစံ ဒါမှမဟုတ် ဘာသာရေး၊ လူမျိုးရေးနဲ့မနွယ်တဲ့ အမျိုးသားရေးပုံစံတွေကို ကျင့်သုံးရမှာပါ။ သို့သော် ခေါင်းဆောင် အတော်များများက သူတို့ကို ထောက်ခံမယ့် နောက်လိုက်အင်အား နည်းလာမှာကို စိုးရိမ်ပြီး အဲ့ဒီစနစ်တွေကနေ မသိမသာ ရှောင်ဖယ်ဖို့ ကြိုးစားတာ တွေ့ရပါတယ်။

ပဋိပက္ခတွေကို ဖြေရှင်းဖို့ အသင့်တော်ဆုံးလို့ နိုင်ငံအများ လက်ခံကျင့်သုံးနေတဲ့ ဖက်ဒရယ်စနစ် ဒါမှမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် ဒါမှမဟုတ် နိုင်ငံဖွဲ့စည်းပုံကို ထိန်းညှိနိုင်မယ့် စနစ်တစ်ခုခုကို ကျင့်သုံးဖို့ ခေါင်းဆောင်တွေ အနေနဲ့ စဉ်းစားသင့်ပါတယ်။

ဒီ ဖက်ဒရယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်တွေကို ကျင့်သုံးပြီး ပဋိပက္ခတွေ၊ တင်းမာမှုတွေကို ဖြေရှင်းနိုင်ခဲ့တာသာမက မတူကွဲပြားတဲ့ လူ့အသိုင်းအဝိုင်းကြား အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးအတွက် အသုံးပြုခဲ့တဲ့ သာဓကတွေ ရှိခဲ့ပါတယ်။

အော့ကလန်ကျွန်းကိစ္စနဲ့ ဖင်လန်အုပ်ချုပ်မှု အောက်မှာ ရှိတဲ့ ဆွီဒင်စကားပြောလူများစုဟာ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးဆိုင်ရာ ဖယ်ဒရယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ၁၉၂၁ ခုနှစ်ကတည်းက ကျေနပ်စွာ လက်ခံကျင့်သုံးခဲ့ကြတာ တွေ့ရတဲ့အပြင် အီတလီနဲ့ ဂျာမန်စကားပြော လူမျိုးစုတွေရဲ့ တင်းမာမှုကိုလည်း ဒီစနစ်ကိုသုံးပြီး လျော့ပါးသွားအောင် လုပ်ခဲ့ပါတယ်။

ဒါ့အပြင် အိန္ဒိယနိုင်ငံမှာလည်း လူမျိုးစုပြဿနာကို ၁၉၅၆ ခုနှစ်မှာ ဘာသာစကားကို အခြေခံပြီး ပန်ချပ်ပြည်နယ်နဲ့ ဘုံဘေကို တိုင်းတွေအဖြစ်၊ အာသံနာဂလင့်နဲ့ မီဇိုယမ်ကို ပြည်နယ်အဖြစ်ပေးပြီး ဖြေရှင်းခဲ့တာ တွေ့ရပါတယ်။ နောက်ပြီး တရုတ်နိုင်ငံရဲ့ ဖွဲ့စည်းပုံမှာလည်း တိုင်းရင်းသားလူနည်းစုတွေရဲ့ ကိုယ်ပိုင်အုပ်ချုပ်နိုင်မှု အခွင့်အလမ်းကို အခိုင်အမာ ပေးထားတာကို တွေ့ရပါတယ်။

ဒါ့ကြောင့် ခေါင်းဆောင်တွေအနေနဲ့ မီးလောင်ရာလေပင့်တဲ့ 'ငါ'စွဲစိတ်ကိုဖျောက်ပြီး နိုင်ငံတွင်း ပဋိပက္ခတွေကို ဖြေရှင်းနိုင်မယ့် စနစ်တွေကို ဖော်ဆောင်ကျင့်သုံးသင့်တယ်လို့ မြစ်ကြီးနားသတင်းဂျာနယ်က ရေးသားလိုက်ပါတယ်။

# ကျောက်မျက်ပြပွဲ ကျင်းပခွင့် တောင်းခံရာတွင် အချိန်မီ ခွင့်ပြုပေးစေလို



ဇွန် ၆

**မြစ်**ကြီးနားမြို့ တွင် ကျောက်မျက်ရတနာ ပြပွဲများ ကျင်းပရန် ခွင့်ပြုမိန့် တောင်းခံသည့်အခါ အချိန်ကြန့်ကြာမှုများ ရှိနေသောကြောင့် အခက်ကြုံနေရကြောင်း ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောက်မျက်ပြပွဲများ ကျင်းပရန်ခွင့်ပြုမိန့်ကို ပြည်နယ်အစိုးရထံ တောင်းခံရပြီး ထိုသို့ တင်ပြသည့်အခါ ပြည်နယ်အစိုးရတွင် အချိန်ကြန့်ကြာမှုမှရှိဘဲ အလျှင်အမြန်ရရှိစေရန် ဆောင်ရွက်ပေးမှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ဖားကန့်မှ လာရောက် ပြသမည့် လုပ်ငန်းရှင်များလည်း အချိန်မီရောက်ရှိနိုင်မည် ဖြစ်ကြောင်း ပြည်နယ်ကျောက်မျက် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇေလွမ်းက ပြောသည်။

"အရင်ကဆို ခွင့်ပြုမိန့်ချပေးတာက ကြာနေလို့ ရက်တွေ ရွှေ့လိုက်ရတာ ရှိတယ်။ ကျောက်မျက်ပြပွဲတွေ များများ လုပ်နိုင်အောင် ဒီလိုခွင့်ပြုမိန့်တွေကို မြန်မြန် ဆုံးဖြတ်ပေးပြီးတော့ ချပေးစေချင်တာ"ဟု ဦးဇေလွမ်းမှရှင်းပြသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး အင်ဂျန်းယန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မရန်ဂျာဆိုင်းခေါန်က ဇွန်လ ၆ ရက်နေ့က ပြုလုပ်သည့် ဒုတိယအကြိမ်မြောက် ကချင်ပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

ဒေါ်မရန်ဂျာဆိုင်းခေါန်က အပိုင်းနှစ်ပိုင်း မေးမြန်းခဲ့ပြီး ကျောက်မျက်ရတနာ ရောင်းချမည့်သူများ ပြင်ဆင်ချိန် လုံလောက်စွာ ရရှိနိုင်ရေးအတွက် ခွင့်ပြုမိန့် တောင်းခံရာတွင် အချိန်ကြန့်ကြာမှုမရှိစေဘဲ ခွင့်ပြုမိန့်အမြန်ရရှိအောင် ဆောင်ရွက်ပေးရန်နှင့် မြစ်ကြီးနားမြို့တွင် ပြုလုပ်သည့် ကျောက်မျက်ဈေးကွက်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဝယ်ယူရာတွင် အထောက်အကူ ဖြစ်စေရန် ပြည်ထောင်စုအခွန်ကောက်ဥပဒေအတိုင်း မသတ်မှတ်ဘဲ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) အခွန်နှုန်းထား ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိမရှိကို မေးမြန်းခဲ့သည်။

အထက်ပါ မေးခွန်းကို ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ဖြေကြားခဲ့ရာတွင် ၎င်းတို့အနေဖြင့် နောက်နောင်တွင် ပြုလုပ်မည့် ကျောက်မျက်ပြပွဲများတွင် အဆင်ပြေအောင် စောလျှင်စွာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

အခွန်လျှော့ချသတ်မှတ်ရေးအတွက်ကိုမူ ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့်က ခွင့်ပြုမှသာ ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း ဘဏ္ဍာအခွန်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ဖြေကြားခဲ့သည်။

ပထမဆုံးပြည်နယ်တွင်း ကျောက်မျက်ပြပွဲကို ၂၀၁၈ ခုနှစ် မတ်လအတွင်းက မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ် မေလအတွင်းက ကျင်းပသည့် ဒုတိယအကြိမ် ကျောက်မျက်ပြပွဲတွင် ကုမ္ပဏီပေါင်း ၂၆ ခုနှင့် ကချင်တိုင်းရင်းသား လုပ်ငန်းရှင်တို့၏ ကျောက်စိမ်းအစိတ်အပိုင်း ၁၄၈၇၀ တုံး၊ အလေးချိန် ကီလိုသုံးသိန်း ကျော်ခန့်ကိုခင်းကျင်းပြသခဲ့ရာ မြန်မာကျပ်ငွေ သန်း ၆၀၀၀ ကျော်ဖိုးခန့် ရောင်းချခဲ့ရကြောင်း ပြည်နယ်ကျောက်မျက် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌထံမှ သိရသည်။

လာမည့် နှစ်မကုန်မီအတွင်း တတိယအကြိမ်ပြပွဲ ကျင်းပနိုင်ရေးနှင့် ထိုပြပွဲတွင် နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရေး အတွက်လည်း ဆွေးနွေးနေပြီဖြစ်ကာ ထိုပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၀၀၀/၃၀၀၀ ခန့် ပြသရောင်းချနိုင်ရန် ဆောင်ရွက်သွားမည်ဟု ဦးဇေလွမ်းက ပြောသည်။ ■

စည်သူ(မြစ်ကြီးနား)

# ဥရုချောင်း တိမ်ကောမှုကြောင့် သောက်သုံးရေ ခက်ခဲလာသည့် ဖားကန့်တွင် မိုးတွင်း သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးစေလို

ဇွန် ၇

ဖားကန့်မြို့နယ်၊ကျောက်စိမ်းတွင်းဒေသရှိ ဥရုချောင်းအတွင်း ပစ်စာများကြောင့် ရေတိမ်ကောမှုများနှင့် ကြုံတွေ့နေရပြီး ယင်းချောင်းကို အမှီပြု နေထိုင်သူများလည်း သောက်သုံးရေ ခက်ခဲနေသောကြောင့် မိုးရာသီတွင် သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးရေး ဖားကန့်ကိုယ်စားလှယ်က ပြည်နယ်လွှတ်တော်တွင် မေးခွန်းမေးမြန်းခဲ့သည်။

ဖားကန့်ဒေသတွင် စက်ယန္တရားကြီးများဖြင့် ကျောက်မျက် တူးဖော်လာခဲ့သည်မှာ ၂၀၁၄ ခုနှစ်မှ ယနေ့ချိန်တိုင် ဖြစ်ပြီး ၅ နှစ်တာ ကာလအတွင်း ချောင်းအတွင်း အမှိုက်များ အတားအဆီးမရှိ ဝင်ရောက်လာခဲ့သောကြောင့် ဥရုချောင်းရေမှာ သန့်ရှင်းမှုမရှိတော့ဘဲ ချောင်းတိမ်ကောနေသည့်အပြင် ချောင်းအတွင်း စွန့်ပစ်သည့်အမှိုက်များကြောင့် သောက်သုံးရေအတွက် အခက်အခဲ ဖြစ်နေရကြောင်း ဖားကန့်မြို့နယ်၊မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးHလအောင်က မေးခွန်းထုတ်ခဲ့ခြင်း ဖြစ်သည်။

"အထူးသဖြင့် ဘေးအန္တရာယ်ရှိ ပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ ပလတ်စတစ် အသုံးဆောင်ပစ္စည်းများ၊ ရေဆိုးများ၊ စက်မှုပိုင်းဆိုင်ရာ ပစ္စည်းများကြောင့် ဒီနေ့ဥရုချောင်းဟာ သန့်ရှင်းတဲ့ အနေအထား မရှိတော့ပါဘူး။ ဒီရေများကို သောက်သုံးခြင်းဟာလည်း ပြန်လည်ပြီး သန့်စင်နိုင်ခြင်း မရှိလို့ အခက်အခဲရှိမှာ ဖြစ်ပါတယ်"ဟု ဦးHလအောင်က ဆက်လက်မေးမြန်းခဲ့သည်။

ဦးHလအောင်၏ မေးမြန်းချက်ကို စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီက ပြန်လည် ဖြေကြားရာတွင် ဖားကန့်မြို့ပေါ် ၅ ရပ်ကွက်နှင့် ဆိပ်မူလုံးခင်း၊ နမ့်မှဖြစ်ကျေးရွာများတွင် နေထိုင်သူ ဦးရေ ၆၆၀၀၀ ခန့်ကို ပုဂ္ဂလိကပိုင် ရေပေးဝေရေး ၁၂ ခုမှ ပေးဝေလျက်ရှိကြောင်း၊ အများသုံး ရေတွင်းများ၊ ကိုယ်ပိုင်လက်တူးတွင်းများ၊ ကိုယ်ပိုင် စိမ့်စမ်းရေတွင်းများဖြင့်လည်း သုံးစွဲလျက်ရှိသဖြင့် ယင်း လူဦးရေ၏ ၉၇ ရာခိုင်နှုန်းခန့်ကိုရေပေးဝေလျက်ရှိကြောင်း ဖြေကြားသည်။

နွေရာသီကာလ ရောက်လျှင် ကုန်းအမြင့်ပိုင်း နေရာများကို တစ်ရက်ခြား(သို့) နှစ်ရက်ခြား တစ်ကြိမ် ရေပေးဝေလျက်ရှိကြောင်း၊ ကုန်းအမြင့်ပိုင်း နေရာများကို လုံလောက်စွာရေပေးဝေနိုင်ရေး အတွက်လည်း စပျစ်ခူးရေထွက်ပေါက်မှ ရေပိုက်လိုင်း တစ်ခုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးသွယ်တန်း တပ်ဆင်ပေးသွားမည် ဖြစ်ကြောင်းလည်း ထပ်ဆင့် ဖြေကြားခဲ့သည်။

ဖားကန့် ကျောက်စိမ်းတွင်းဒေသတွင် ဦးသိန်းစိန် အစိုးရလက်ထက်တွင် စက်ယန္တရားကြီးများဖြင့် အလွန်အကျွံ တူးဖော်ခဲ့ခြင်း၊ ဥရုချောင်းအနီး မြေစာများစွန့်ပစ်ခြင်း၊ ချောင်းအတွင်း ရေကျော်တံတားများ ဆောက်လုပ်ခြင်းတို့ကြောင့် ဥရုချောင်းမှာ တိမ်ကောလာပြီး ချောင်းရေများ ညစ်ညမ်းကာမိုးသည်းထန်စွာရွာသွန်းတိုင်း မကြာခဏ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။■

စည်သူ(မြစ်ကြီးနား)








# ပြည်နယ်ထွက် သယံဇာတများ တရားမဝင် ကုန်သွယ်မှု

## လျှော့ချနိုင်ရေးအတွက် ခေတ်မီစက်များဖြင့် စောင့်ကြည့်စစ်ဆေးရန် အစီအစဉ် ရှိမရှိ

ဇွန် ၄

**က**ချင်ပြည်နယ်အတွင်းမှ ထွက်ရှိသော ကျောက်မျက် ရတနာများ၊ ခါတ်သတ္တုပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တရားမဝင် သယ်ဆောင်မှုကြောင့် အခွန်ဆုံးရှုံးနစ်နာမှုများ မရှိစေရန် စစ်ဆေးရေးဂိတ်များတွင် CCTV နှင့် Xray ရောင်ခြည်သုံး ရှာဖွေရေး စက်ကိရိယာများ တပ်ဆင်မည့် အစီအစဉ် ရှိမရှိနှင့် စပ်လျဉ်း၍ ဖားကန့်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးHလအောင်က ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့သည်။

ကချင်ပြည်နယ်သည် သဘာဝ မြေပေါ်မြေအောက် သယံဇာတ ပေါကြွယ်ဝပြီး သဘာဝဇီဝ မျိုးကွဲမျိုးစိတ်များပေါကြွယ်ဝသောကြောင့် နိုင်ငံတော်နှင့် ပြည်နယ်အခွန်ဘဏ္ဍာငွေရရှိရေးနှင့် ဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် စစ်ဆေးရေးဂိတ်များတွင် ဌာနပေါင်းစုံမှ ဝန်ထမ်းလူပုဂ္ဂိုလ်များကို တာဝန်ပေးမှုလျှော့ချ၍ ခေတ်မီစက်ကိရိယာများ အစားထိုးတပ်ဆင်စစ်ဆေးရန် တင်ပြခဲ့ခြင်း ဖြစ်သည်။

၎င်း ခေတ်မီစက်ကိရိယာ ပစ္စည်းများ၏ ကာလတန်ဖိုးမှာ မြန်မာငွေကျပ်သိန်းပေါင်း ၁၅၀၀ မှ ၄၀၀၀ အကြားရှိ၍ ကုန်ကျစရိတ်သက်သာပြီး လွယ်ကူစွာ ဝယ်ယူ သုံးစွဲနိုင်သောကြောင့် လျှင်မြန်ကောင်းမွန်စွာ စစ်ဆေးဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဦး Hလအောင်က တင်ပြခဲ့သည်။

"တရားမဝင် သယ်ဆောင်တဲ့ သစ်တောထွက်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများ နေ့စဉ်နှင့်အမျှ ကုန်တင်ကား၏ အပေါ်ဖုံးကုန်စည်များ၏ အောက်တွင် ကွယ်ဝှက်သယ်ဆောင်ကာ အနည်းနဲ့အများ တရားမဝင် တွေ့ရှိနေသေးကြောင်း သတင်းမီဒီယာများနှင့် ပြည်သူများ၏ တိုင်ကြားစာများအရ သိရပါတယ်။ သို့ပါ၍ ဌာနဆိုင်ရာ လူပုဂ္ဂိုလ်များ၏ စစ်ဆေးမှုထက် ပိုမိုထိရောက်သည့် စက်ကိရိယာများအစားထိုးသုံးစွဲ၍ တရားမဝင်သယ်ဆောင်မှုကို တားဆီးကာကွယ်နိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ကုန်ပစ္စည်းများ တရားမဝင် သယ်ဆောင်မှုကို စစ်ဆေးရာတွင် ခေတ်နှင့်လျော်ညီသော ပစ္စည်းကိရိယာများကို အသုံးပြုပါက ပိုမိုကောင်းမွန်မည်ဖြစ်သော်လည်း တပ်ဆင်ရန် ကုန်ကျစရိတ် မြင့်မားသည့်အတွက် အသုံးပြုရန် အစီအစဉ် မရှိသေးကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

"တပ်ဆင် အသုံးပြုမယ့် ခေတ်မီ အထောက်အကူပစ္စည်းများ တပ်ဆင်ရာမှာ ကုန်ကျစရိတ် ကြီးမြင့်နေပြီးတော့မှ လက်ရှိ အဆင့်မြင့် တပ်ဆင်မှုအတွက် နိုင်ငံတော်သည် ကုန်ကျမှု ကြီးမြင့်နေမှာ ဖြစ်တဲ့အတွက် ကုန်စည်စိစစ်မှု အခြေအနေနဲ့ နှိုင်းယှဉ်တွက်ဆသုံးသပ်ပြီးတော့မှ ညှိနှိုင်းပေါင်းစပ်ပြီး ဆက်လက်ဆောင်ရွက်သွားပါမယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ မေးခွန်းကို ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၅ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်တွင် တင်ပြဆွေးနွေးခဲ့သည်။ ■

Ann

# ဆွမ်ပရာဘွမ်မြို့နယ် အတွင်းမှ ရွာ ၆ရွာ ဖုန်းလိုင်းရရေး

## လွှတ်တော်တွင်မေး

ဇွန် ၄

**ဆွမ်**ပရာဘွမ်မြို့နယ် အတွင်းရှိ ကျေးရွာ ၆ ခုတွင် ဖုန်းလိုင်း လုံးဝ မရရှိသေးသဖြင့် ဖုန်းလိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိမရှိ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးဇော်ဒွဲက လွှတ်တော် အစည်းအဝေးတွင် မေးခွန်း မေးမြန်းခဲ့သည်။

ဆွမ်ပရာဘွမ် မြို့နယ်ရှိ ကဝါးပန် ၈၁ မိုင်မှ စ၍ ခဂရန်းယန် ၉၄ မိုင်၊ မိုင်ထောင် ၁၀၃ မိုင်၊ ဇနန် ၁၁၀ မိုင်၊ ဆူယန် ၁၁၃ မိုင်၊ အင်တာဂလူ ၁၂၀ မိုင် စသည့် ကျေးရွာတို့တွင် ဖုန်းလိုင်းများ တပ်ဆင်ပေးရန် အစီအစဉ် ရှိမရှိကို ဆွမ်ပရာဘွမ် အမတ်က မေးမြန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို လမ်းတစ်လျှောက်တွင် MPT (GSM) မိုဘိုင်းဖုန်းစခန်း ၉ ခု ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသဖြင့် အသစ်တပ်ဆင်ပေးရန် စီမံကိန်းမရှိသေးကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနက ပြန်လည် ဖြေကြားခဲ့သည်။

"ဆွမ်ပရာဘွမ် မြို့နယ် အတွင်းတို့၌ လောလောဆယ်တွင် MPT(GSM) မိုဘိုင်းဖုန်းစခန်း အသစ်တပ်ဆင်ပေးရန် စီမံကိန်းလျာထားခြင်း မရှိသေးပါကြောင်းနဲ့ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်"ဟု လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ကြယ်ပွင့်ပြမေးခွန်းကို ဇွန်လ ၄ ရက်က ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၅ ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့ခြင်း ဖြစ်သည်။ ■

Salai

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Logistics Site Manager**

**Reference Number: LOG_MYI_2019001**

**To be based in Myitkyina** with frequent travel to Kachin State.

**Duties and Responsibilities**

- As a Logistics Site Manager, you will plan and oversee procurement activities (purchase orders, supplier files, sourcing).
- You will close cooperation with the Logistics Department in Yangon, recommends, selects and evaluates suppliers.
- You will monitor the warehouse including monthly stock inventory for all assistance items including medical in accordance with ICRC guidelines.
- You will manage supply-chain requests and ensures they are treated in a timely fashion; supervises customer desk service and carries out related reporting.
- You will follow up the supply pipeline with the delegation, the Logistics Support Centre and/or headquarters, including for import-export activities where necessary.
- You will ensure timely follow-up of ROs and IRs and inform requesters on deadline and others relevant information and close all ROs files following ICRC rules on file & archiving, upon Logistician approval, ensure all relevant supporting documents are included. (RO- requisition order, IR- internal request).
- In addition, you will oversee fleet management, transport and distribution activities and closely cooperate with the YAN_Fleet related to any malfunction of vehicles.
- Furthermore, you will responsible for managing finances for the cost center(s) under his/her responsibility and keep files up-to-date always (purchase order files, Archive files, requisition orders files, vehicle files, supplier files).

**Required profile**

- You should have a least 4 years work experience, preferably in commercial, military or humanitarian logistics.
- You should have the ability to work with different groups, partners and nationalities, self-motivated with a strong commitment to teamwork and humanitarian principles.
- Good Computer Skill.
- Your communication skills should be excellent, and you should be fluent in written and spoken English as well as Myanmar language. The knowledge of local dialects spoken is a definite asset.
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **28 June 2019**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:


**yan_hr_recruitment_services@icrc.org**

ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon

Or

**Aye Aye Khaing**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal
( ဇွန် ၁၀ ၊ ၂၀၁၉ )




# လှုပ်လှုပ်ရှားရှား ကချင်ပြည်နယ် သတင်းများ

အင်ခိုင်ဘွမ် ရေးသားသည်

သတင်းများသည် ခေတ်၏ကြေးမုံ၊ သတင်းများသည် ခေတ်ကို ကိုယ်စားပြုနေကြသည်။ ခေတ်ကို ပြောပြနေကြသည်။ တစ်ခေတ်တစ်ခါက ကချင်ပြည်နယ်သတင်းများကို သတင်းစာဂျာနယ်ဖတ်လေ့ရှိသည့် အသက် ၆၀ ကျော်၊ ၇၀ ကျော်ပုဂ္ဂိုလ်များသာ မှတ်မိကြတော့မည်။ မြစ်ကြီးနားတွင် ပုလိပ်ပိုးတွေ့သည့်သတင်း၊ ဗန်းမော်ဈေးတွင် ခါးပိုက်နှိုက်ခံရသည့်သတင်း၊ မြစ်ကြီးအစိုးရဆိုင်တွင် ငွေကွာမှု၊ မြစ်ကြီးနားတွင် သားငါးဈေးမြင့်သည့်သတင်း၊ ကေအိုင်အေရှုတ်ချပွဲ၊ ဝိုင်းမော်စပါး သုံးသောင်းရရှိ သတင်းများအပြင် လော်ဝေါ်စာပေ အကြောင်း၊ မချမ်းဘောတွင် စာကြည့်တိုက်ဖွင့်သည့် သတင်းများလည်း ပါဝင်သည်။

မြစ်ကြီးနား ပလိပ်ပိုးတွေ့ ဆိုသည့်သတင်းတွင် မြစ်ကြီးနား၊ မင်းရပ်တွင် ပလိပ်ပိုးပါသော ကြွက်သေတွေ့ကြောင်း၊ ကျွန်းပင်သာနှင့် ယုဇနရပ်ကွက်တို့တွင် ပလိပ်ရောဂါဟု ယူဆရသောလူနာကို တွေ့ရသောကြောင့် ကျန်းမာရေးဌာနက ကာကွယ်ဆေးများ လိုက်လံထိုးနှံပေးလျက် ရှိကြောင်း သတင်း ဖြစ်သည်။ ထို့နောက် မြစ်ကြီးနားမြို့တွင် ကုန်သွယ်ရေးပစ္စည်း အပိုဆိုင်တွင် ငွေ ၂ သောင်း လျော့နည်းနေသည့်အတွက် ရာဇသတ်ပုဒ်မ ၄၀၉ အရ တရားခံ. . . ကို အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အမှုမှာ ၁၉၇၂ ခုနှစ်က ဌာနခွဲမန်နေဂျာ ဦးစိန်သွင်က ဆိုင်ကို စစ်ဆေးရာ ငွေကွာသဖြင့် အမှတ် ၁ ပြည်သူ့ ရဲစခန်းသို့ အရေးယူပေးရန် တိုင်ကြားသောအမှု ဖြစ်သည်။

မြစ်ကြီးနားမြို့ နောက်သတင်းတစ်ပုဒ်မှာ မွေးမြူရေး ကြက်စာ၊ ဝက်စာများ ရှားပါးမှုကြောင့် မွေးမြူရေးလုပ်ငန်းများ ရပ်ဆိုင်းလိုက်ကြရသည့်အတွက် ဝက်သားဈေး တစ်ပိဿ ၂၀၊ အမဲ ၁၄၊ ငါး ၂၄ ကျပ်အထိ ဈေးကြီးပေး ဝယ်စားသုံးနေရကြောင်း သတင်းဖြစ်သည်။ ဈေးကြီးခြင်း၏နောက်ဆက်တွဲအဖြစ် ဆံပင်ညှပ် ဆံသန့်နှန်း ၁ ကျပ်ခွဲ၊ လက်ဖက်ရည်တစ်ခွက် ပြား ၆၀ အထိ ဈေးမြင့်လာရာ ဝိုင်းမော်တွင် ဈေးနှုန်း သက်သာရေးကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့သည်။ မြစ်ကြီးနား ဆန်စက်များက မွေးမြူရေးကို အားပေးသည့်အနေဖြင့် ကြက်ဝက်မွေးမြူသူများကို ဖွဲ့ဆန်ကွဲများ ဖြန့်ဖြူးနိုင်ပါက သားငါးနှင့်တစ်လုံး ၇၅ ပြားဈေးဖြစ်နေသည့် ကြက်ဥ၊ဘဲဥ ဈေးများပါ ကျဆင်းလာဖွယ် ရှိလေသည်။

မြစ်ကြီးနားမှ မန္တလေးသို့ သွားသော အမှတ် ၇၈ လူစီးစာပို့ရထားတွင်မူ နေ့စဉ်လိုလို ကျောက်စိမ်းများ ဖမ်းမိနေသည်ဟု ဆိုသည်။ မြစ်ကြီးနားမှထွက်လာသော အမှတ် ၇၈ အစုန်ရထားမှာလည်း ကန့်ဘလူဘူတာနှင့် ထန်းကုန်းဘူတာကြား အရောက်တွင် သစ်ထုတ်လုပ်ရေးအဖွဲ့ပိုင် ဆင်မကြီးတစ်ကောင်ကို ဝင်တိုက်မိပြန်သည်။ ဆင်မကြီးမှာ အရပ် ၉ ပေကျော်ရှိပြီး တန်ဖိုး ၁ သောင်းကျော် တန်သည်ဟု သိရသည်။ ထိုရထား အမိုးပေါ် လိုက်လာသူ ၂ ဦးမှာလည်း ထန်းတပင်ဘူတာနှင့် ခင်ဦးဘူတာကြား ဆီဆုံရွာ မီးရထားဂုံတံတားနှင့် တိုက်မိပြီး ရွှေဘိုဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြသည်။

ရထားနှင့် ပတ်သက်သည့် နောက်သတင်းတစ်ပုဒ်မှာ မန်း-မြစ်ကြီးနား ခရီးသွားများ အလုခံနေရသည့် သတင်း ဖြစ်သည်။ မသမာသူများက အုပ်စုဖွဲ့၍ မီးရထားအထွက်တွင် လုယူခြင်း၊ ဆွဲချယူခြင်းများ ပြုလုပ်လေ့ရှိသည့်အတွက် ညစာပို့မီးရထား ခရီးသည်များမှာ သတိဝီရိယနှင့်နေကြရသည်။ ထိုကြားထဲမှ မကြာခဏ အငိုက်မိကြရသေးသည်ဟု ဆိုသည်။ ပြတင်းပေါက်မှ ခေါင်းထိုးကြည့်၍ လိုက်ပါလာသော ကိုကျော်မင်း၏ ခေတ်မီးကို လက်ဖြင့်ပုတ်၍ လုယူသွားသည်။ မသန်းနွဲ့၏ယိုးဒယားခြင်းကိုလည်း ဘူတာပလက်ဖောင်းက လျှောက်လာသူတစ်ဦးက ပြတင်းပေါက်မှ မြှောက်၍ယူသွားရာ တန်ဖိုးငွေ ၁၅၀ ကျော်တန် အဝတ်အစားများ ပါသွားသည်ဟု ဆိုသည်။

မိုးမောက်မြို့ဘက်တွင်တော့ ကေအိုင်အေ သူပုန်ရှုတ်ချပွဲဟူသော သတင်းတက်သည်။ ဦးလှအောင်က ကေအိုင်အေများသည် အဖျက်လုပ်ငန်း အမျိုးမျိုးကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကျောင်းသားသူငယ်တို့ကို သွေးဆောင် ခေါ်ယူသတ်ဖြတ်လျက် ရှိသည်သာမက အရပ်သူ အရပ်သားများကို ခြိမ်းခြောက် ဖမ်းဆီးကြောင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်းစသည့် အဓမ္မမှုများကိုလည်း ပြုလုပ်သည့်အတွက် အပြင်းအထန်ရှုတ်ချကြောင်း အဆိုတင်သွင်းခဲ့သည်။ ထိုအဆိုကို ဦးဖိုးညို၊ ဦးကရင်လှဒွဲနှင့် ဦးကျော်ငွေးတို့က ထောက်ခံဆွေးနွေးခဲ့ကြပြီး တက်ရောက်သူများကလည်း တစ်ခဲနက် ရှုတ်ချလိုက်ကြသည်ဟု ဆိုသည်။ ဗန်းမော်ဈေးထဲတွင်တော့ ခါးပိုက်နှိုက်များ သောင်းကျန်းလျက်ရှိသည်ဟု သိရသည်။ ဗန်းမော်မြို့ အမှတ် ၁ ပြည်သူ့ဈေးအတွင်းတွင် ဆိုးသွမ်းလူငယ်တစ်စုသည် ဈေးဝယ်၊ ဈေးသည် လုပ်သားပြည်သူများထံမှ ငွေများ၊ ပစ္စည်းများကို နည်းမျိုးစုံဖြင့် ခါးပိုက်နှိုက်ခြင်း၊ အလစ်သုတ်ခြင်းများကို နေ့စဉ်နှင့်အမျှ ကျူးလွန်နေပါသဖြင့် သက်ဆိုင်ရာမှ ထိထိရောက်ရောက် အရေးယူပေးရန်ကိစ္စ ဖြစ်သည်။ မိုးသစ္စာဆိုသူ၏ ပြည်သူ့အသံ ဖြစ်သည်။ အယ်ဒီတာ့ထံပေးစာ ဖြစ်သည်။

အထက်ပါ စိတ်မချမ်းသာစရာ သတင်းများနှင့် ဆန့်ကျင်ဘက် သတင်းတစ်ခုမှာ မချမ်းဘောတွင် စာကြည့်တိုက်ဖွင့်ခြင်း သတင်းဖြစ်သည်။ မချမ်းဘောမြို့၊ ပြန်ကြားရေးဌာန စာကြည့်တိုက် အဆောက်အဦသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၂ရက်နေ့နံနက်၇နာရီတွင် ကျင်းပခဲ့သည်။ မြို့နယ် နလက၊ ပါတီယူနစ်၊ ကောင်စီနှစ်ရပ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။ ဝိုင်းမော်မြို့တွင်လည်း လော်ဝေါ်စာပေအပ်နှင်းပွဲကို ကျင်းပရာ တိုင်းရင်းသား ၁၅၀၀၀ ကျော် တက်ရောက်ကြသည်ဟု ဆိုသည်။ "တိုင်းရင်းသား ဓလေ့ဖြတ်ထုံး စာအုပ်ထွက်မည်" ဟူသည့်သတင်းမှာ ရန်ကုန်မှ ဖြစ်သည်။ ယဉ်ကျေးမှု ဗိမာန် ဦးစီးဌာနက ကြီးကြပ်၍ ပုံနှိပ်ထုတ်ဝေမည့် ကချင်ဓလေ့ဖြတ်ထုံးများ စာအုပ်ကို ကချင်ယဉ်ကျေးမှုဌာနခွဲ တည်းဖြတ်ပြီး၍ မကြာမီ ဖြန့်ချိထုတ်ဝေရန် စီစဉ်လျက်ရှိကြောင်းသတင်း ဖြစ်သည်။

ထိုစာအုပ်တွင် ကချင်လူမျိုးများ၏ တရားစီရင်ရေးနှင့် ဖြတ်ထုံးများ၊ ပုဂ္ဂလိကဆိုင်ရာ ကျင့်ထုံးများနှင့် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးများ စသဖြင့် အခန်းကဏ္ဍခွဲခြားထားသည်ဟု ဆိုသည်။

အဆိုပါ လူမျိုးများအလိုက် ဓလေ့ဖြတ်ထုံးစာအုပ်များသည် ပြည်သူ့တရားစီရင်ရေးတွင်လည်း အထောက်အကူပြုနိုင်သည်ဟု ဆိုသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍မူ မြစ်ကြီးနား-ဝိုင်းမော် ကူးတို့မော်တော်အတက် ကုန်းဘောင်များ မကောင်းသဖြင့် ခရီးသည်များ ခက်ခက်ခဲခဲ တစ်ဦးနှင့်တစ်ဦး ဖေးမပြီး မော်တော်ပေါ်သို့ တက်နေကြရပုံကို သတင်းဓာတ်ပုံ ဖော်ပြထားလေသည်။ ဤတွင် တစ်ခေတ်တစ်ခါက လှုပ်လှုပ်ရှားရှား ကချင်ပြည်နယ်သတင်းများ အစီအစဉ်ပြီး၏။ ယခင်နှင့်ယခု နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြောင်းလဲမှုများကို အနည်းငယ် နှိုင်းယှဉ်သုံးသပ်နိုင်ကြပေလိမ့်မည်။ သတင်းများသည် ခေတ်၏ကြေးမုံ၊ သတင်းများသည် ခေတ်ကို ကိုယ်စားပြုနေကြသည်။ ခေတ်ကို ပြောပြနေကြသည် မဟုတ်ပါလား။ ■

ရည်ညွှန်း - မဆလခေတ် လုပ်သားနှင့် ကြေးမုံနေ့စဉ် သတင်းစာများ




**တုတ်ထိုး -**

မဝယ်ဘူး။
မယ်ခူးတဲ့ ဖက်စို။
မီးမကူ
နေပူမှာ မကင်အားလို့
ထားရတယ် အိပ်ရာအောက်မှာ
မင်းသောက်ဖို့ကို။
ညှာအနား
ရှေ့သွားနှင့် ကိုက်လို့တို
မချိုတောင့်လိပ်ဆေး။
ပိုးမကူ
ဝါချည်ဖြူ တစ်ပင်ရစ်ကယ်နှင့်
ငယ်ချစ်မောင် ရွှေဝသွားကို
ပါးလိုက်ကဲ့လေး။ ။

**အိုးပေါက် -** အောင်မယ် မယ်ခွေရဲ့ "ဆေးလိပ်လက်ဆောင်" လေးချိုးနဲ့ သာယာနေပါ့လား။

**တုတ်ထိုး** - မသာမယာ ဖြစ်နေတာဗျ။
**အိုးပေါက်** - ဘာလို့။

**တုတ်ထိုး** - အဲ့ဒီကဗျာကို ကျောင်းသင်ရိုးထဲက ထုတ်လိုက်ပြီ။
**အိုးပေါက်** - ဒါကြောင့် "မယ်ခွေ"ကို လွမ်းနေတာကိုး။

**တုတ်ထိုး** - လွမ်းနေတာထက် နှမြောနေမိတာ။
**အိုးပေါက်** - ဘာဖြစ်လို့တုန်း။

**တုတ်ထိုး** - ပြင်ညာရှိကြီးတွေကြောင့်ပေါ့။
**အိုးပေါက်** - "ပညာရှိ"လို့ သုံးစမ်းပါ။

**တုတ်ထိုး** - ခုဟာက "ပြင်ညာရှိ"။
**အိုးပေါက်** - လင်းစမ်းပါဦး။ ဘာတွေဖြစ်နေတာတုန်း။

**တုတ်ထိုး** - လူမှုကွန်ရက်ပေါ်မှာ ဝေဖန်နေကြတာ မသိဘူးလား။
**အိုးပေါက်** - ဟင့်အင်း။ "မာရသွန်ဆရာတော်ဘုရား" သတင်းတွေ လိုက်ဖတ်နေတာနဲ့ အဲ့ဒီအကြောင်း သတိမထားမိလိုက်ဘူးဗျ။

**တုတ်ထိုး** - ဆရာဝန်တစ်ယောက်က ရေးထားတာ။ ဘာတဲ့၊ "၂၀၀၄ ခုနှစ်ကတည်းက တိုက်ခဲ့တဲ့ တိုက်ပွဲ ၂၀၁၉ ကျတော့ အောင်မြင်ပါပြီ။ ဆေးလိပ်ကင်းစင်ရေး ဆိုင်းဘုတ်တပ်ပြီးတော့ (၈)တန်းသင်ရိုးမှာ "မယ်ခွေ"ရဲ့ လက်ဆောင်ကဗျာ (ဆေးလိပ်အကြောင်း) ပါနေတဲ့ကိစ္စကို စိုက်လိုက်မတ်တတ် ဆန့်ကျင်ခဲ့ပါတယ်"တဲ့။
**အိုးပေါက်** - ဒီကဗျာကို ကျောင်းသင်ရိုးထဲက ထုတ်ပယ်ဖို့ အကြောင်းပြချက်က ဆေးလိပ်သောက်သုံးမှု လျော့ကျသွားမယ်တဲ့လား။ ဒီကဗျာဖတ်ပြီး ဆေးလိပ်သောက်ချင်လာလိမ့်မယ်တဲ့လား။

**တုတ်ထိုး** - ရွှေဉာဏ်တော် စူးကြတဲ့ ပြင်ကြညာကြတဲ့ ပြင်ညာရှိကြီးပါပဲ။
**အိုးပေါက်** - ဆေးလိပ်ဟာ မကောင်းဘူး။ လက်ခံတယ်။ ကျန်းမာရေးနဲ့လည်း မညီညွတ်ဘူး။ လက်ခံတယ်။ ဒါပေမဲ့ အနုပညာပစ္စည်းတစ်ခုကို အနုပညာပစ္စည်းလို့ မမြင်ဘဲ ကလေးတွေ ဆေးလိပ်သောက်ချင်လာကြမှာစိုးလို့ ဆိုတဲ့ တစ်ဖက်ပိတ်အတွေးနဲ့ ပယ်လိုက်တယ်ဆိုတဲ့ အမြင်ဟာ ဖုန်ရှုဖို့သာ ကောင်းတော့တယ်။

**တုတ်ထိုး** - သင်ရိုးပြောင်းတာ ပြောင်းပေါ့။ ဒါပေမဲ့ အကြောင်းပြချက်ကြီးက ပိန်းလွန်လွန်းလို့ ကျုပ်က လက်မခံတာ။
**အိုးပေါက်** - ကျုပ်ဖြင့် ဒီကဗျာကို ကျောင်းသားဘဝကတည်းက နှစ်ခြိုက်ခဲ့တာပဲ။ အခုထိလည်း စွဲမြဲနေတုန်းပါပဲ။ ဒါပေမဲ့ ဆေးလိပ်ကို အခုထိ မသောက်ခဲ့ပေါင်ဗျာ။ သင်ကြားပေးခဲ့တဲ့ ဆရာ၊ဆရာမတွေကလည်း ဆေးလိပ်သောက်တတ်အောင် သင်ကြားပေးကြတယ်လို့ မကြားဖူးပါဘူး။

**တုတ်ထိုး** - ရှေးမြန်မာလူမျိုးတွေရဲ့ လူနေမှုစရိုက် သဘာဝကို ထင်ဟပ်တယ်။ ချစ်ခြင်းတရား၊ မေတ္တာတရားတွေနဲ့ ထုံမွှမ်းထားပြီး သိင်္ဂါရ ရသတွေ သန္တရသတွေ ပြည့်လျှမ်းနေတယ်။
**အိုးပေါက်** - ကျုပ် မိတ်ဆွေကြီးတစ်ယောက်ကတော့ ဆင်းရဲလို့ ကျောင်းမနေခဲ့ရဘူး။ အဲ့ဒီကဗျာလည်း မသင်ခဲ့ရဘူး။ ဒါပေမဲ့ သူ ဆေးလိပ်သောက်နေတယ်။

**တုတ်ထိုး** - လူတွေဟာ ဆေးလိပ်မကောင်းမှန်း သိကြပါတယ်။ ဆိုးကျိုးတွေကို သိကြပါတယ်။ သိရက်နဲ့ သောက်နေကြတာပါပဲ။
**အိုးပေါက်** - ဆေးလိပ်ကို လူတိုင်း မသောက်စေချင်ရင် အခွန်တွေ တိုးကောက်လိုက်ဗျာ။ ဆေးလိပ်ဈေး မြှင့်လိုက်ဗျာ။ ဒီကဗျာကြောင့် ဆေးလိပ်သောက်တတ်လိမ့်မယ်ဆိုတာမျိုးကတော့ အဲ့ဒီခေါင်းကို ရွှေချသိမ်းထားဖို့ပဲ ကောင်းတော့တယ်။

**တုတ်ထိုး** - ဒီလောက်တောင် ရှိလှတာ ဝန်ကြီးပဒေသရာဇာရဲ့ "နွေဦးကာလ မြူထသောအခါ" ကဗျာလည်း မသင်နဲ့။ "ဖြုတ်"။
**အိုးပေါက်** - ဘာဖြစ်လို့။

**တုတ်ထိုး** - ထန်းတက်သမားအကြောင်း ရေးထားတာလေ။ ကလေးတွေ အတုခိုးမှားပြီး ထန်းရေသောက်ချင်လာကြလိမ့်မယ်။
**အိုးပေါက်** - မှတ်တောင် ထားရဦးမယ်။

**တုတ်ထိုး** - ဝန်ကြီးပဒေသရာဇာရဲ့ "ဝဿန်ကာလ မိုးကျတည့်လျှင်"ကဗျာလည်း ဖြုတ်။ တောင်သူလယ်သမားသပိတ်တွေ ပေါ်ပေါက်စေနိုင်လို့။
အိုးပေါက် - မဆီမဆိုင်ဗျာ။

**တုတ်ထိုး** - ဆရာမကြီး ငွေတာရီရဲ့ "ဤမီးတိုင်" ကဗျာလည်း ဖြုတ်။ ဒီကဗျာလည်း မီးခဏခဏပျက်နေတဲ့ နိုင်ငံတော်ကြီးရဲ့ပုံရိပ်ကို ထိခိုက်စေတာပဲ။ ဖြုတ်။
**အိုးပေါက်** - ဘာကျန်သေးလဲဟင်။

**တုတ်ထိုး** - "နေဝင်စ ချိုးမရယ်ကူ" ကဗျာလည်း ဖြုတ်၊ ဆဒ္ဒန်ဆင်မင်းဝတ္ထုလည်း ဖြုတ်။
အိုးပေါက် - ဘာဖြစ်လို့။
**တုတ်ထိုး** - တောရိုင်းတိရစ္ဆာန် သတ်ဖြတ်ရေးကို အားပေးအားမြှောက်ပြုလို့။ ဦးပုညရဲ့ "ရေသည်ပြဇာတ်"ကိုလည်း ဖြုတ်။
**အိုးပေါက်** - ဟဲ့ ပလုတ်တုတ်။ ဘာဖြစ်လို့။

**တုတ်ထိုး** - ဘုရင်ကို လုပ်ကြံပြီး ထီးနန်းလုယူတဲ့ ကိစ္စကြီးလေ။ အာဏာလု သတ်ဖြတ်တာတွေ ဖြစ်စေနိုင်လို့ ဖြုတ်။
**အိုးပေါက်** - မှတ်သားထိုက်ပါပေတယ်။

**တုတ်ထိုး** - "စစ်မှာတစ်မူ" ကဗျာလည်း ဖြုတ်။ ဒီလောက်စစ်ပွဲတွေ ဖြစ်နေရတဲ့ကြားထဲ ကလေးတွေ စစ်စိတ်စစ်သွေးဝင်လိမ့်မယ်။ "မြင်စိုင်းရွှေပြည်"ကဗျာလည်း ဖြုတ်။ ဘယ့်နှယ် စစ်ကိုမလိုလို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ လုပ်နေတာ နှစ်ချီနေပါတယ်ဆိုမှ ဒီကဗျာတွေ ပြဋ္ဌာန်းရလား။ ဖြုတ်။ ပြီးတော့ ပြည်တွင်းစစ်မီးက တကျည်ကျည် ဖြစ်နေပါတယ်ဆိုမှ "စီးချင်းတိုက်ပွဲ"ပြဋ္ဌာန်းထားရလား။ ဖြုတ်။
**အိုးပေါက်** - ဘာကျန်သေးလဲဟင်။

**တုတ်ထိုး** - သစ်တောတွေ မရှိတော့ပါဘူးဆိုမှ နိုင်ငံတော်ကို ထိကပါး ရိကပါးဖြစ်စေတဲ့ လေးမောင့်စံကျောင်းကိုလည်း ဖြုတ်။ ဒီကြားထဲ မာရသွန်ဆရာတော်ကို ဖမ်းဝရမ်းထုတ်ထားပါတယ်ဆိုမှ တောရအကြောင်း ပါလာနေသေးတယ်။ ဖြုတ်။
**အိုးပေါက်** - မှတ်တောင် ထားရဦးမယ်။

**တုတ်ထိုး** -

"အစ်မနှမ သမီးကကို
စ၍ဆက်နှင်း လက်ဆောင်သွင်း၍
စိုးမင်းချစ်မြတ် ထိုအမတ်သည်
အတတ်မရှိ သတ္တိကင်းကွာ
ဘုန်းကြီးလှမူ
ပြည်ရွာပျက်ကြောင်း တစ်ပါးတည်း"တဲ့လား။

ဘယ့်နှယ်ဗျာ၊ လွှတ်တော်မှာ ချွတ်ချော်နေတဲ့အကြောင်းရွဲ့စောင်းဖော်ပြနေတဲ့ "ရွှေပြည်ဝန်ကြီး"အကြောင်းက ထည့်စရာလား။ "ယောမင်းကြီးစိတ်ဓာတ်" သင်ခန်းစာကိုလည်း မချန်နဲ့။ ဖြုတ်။
**အိုးပေါက်** - ရွှေဉာဏ်တော်တွေ ထွက်နေတာ။

**တုတ်ထိုး** - မြစ်ဆုံအရေး ရတက်မအေးရတဲ့ကြားထဲ "မြကန်သာ"တို့၊ "ချောင်းကလေး"တို့၊ "လှိုင်းကလေးသင်"တို့ သင်နေသေးလား။ ဖြုတ်။
**အိုးပေါက်** - ခင်ဗျားသာ ပြင်ညာရေးမှာ အမှုတော် ထမ်းပါတော့။

**တုတ်ထိုး** - ဒီကြားထဲ အနောက်တံခါးပြဿနာက ရှိသေးတယ်မဟုတ်လား။ ရခိုင်အရေးကလည်း ကမ္ဘာကတောင် စောင့်ကြည့်နေရတဲ့ ပြဿနာပဲ။ ဒီတော့ ရခိုင်အရေး တွေးပူနေရသေးလို့ ရခိုင်တေးသံဖြစ်တဲ့ "ကျွဲကျောင်းသံ"ကဗျာကို ဖြုတ်။ ဖြုတ်။ အဲ့ဒါ ပိုအရေးကြီးတယ်။
**အိုးပေါက်** - စဉ်းစားစရာပါပဲ။

**တုတ်ထိုး** - မြန်မာ့ဘဏ်တို့၊ မြန်မာ့ဆန်တို့၊ ငွေတုတို့ ဘာတုတို့ အသံတွေ ထွက်နေရတဲ့ကြားထဲ ဈေးကွက်စီးပွားရေးတို့၊ ငွေကြေးဈေးကွက်တို့က သင်ရိုးထဲ ပါနေတာပဲ။ အဲ့ဒါတွေလည်း ဖြုတ်။
**အိုးပေါက်** - မထူးတော့ပါဘူး။ မြန်မာစာသင်ရိုးညွှန်းတမ်းဆိုပြီး ပလိန်းတစ်အုပ်သာ ထုတ်လိုက်ပါတော့ဗျာ။

**တုတ်ထိုး** - မယောင်ရာ ဆီလူးနေကြတာပဲဗျာ။ ဒီတော့ ဒီလိုလူတွေရှိနေရင် သူတို့ကို ကြောင်တစ်ကောင်စီသာ လက်ဆောင် ပေးလိုက်ကြပါတော့။
**အိုးပေါက်** - ရေချိုးကြပေတော့။ သန်းရှာကြပေတော့။

**တုတ်ထိုး** - Biology ထဲက Chapter 10 ကိုလည်း ဖြုတ်ခိုင်းပစ်။ တော်ကြာ ကာမစိတ်တွေ ကြွကုန်ဦးမယ်။
**အိုးပေါက်** - မှတ်တောင် ထားရဦးမယ်။

**တုတ်ထိုး** - ဒါနဲ့ မယ်ခွေရဲ့ လက်ဆောင်ကဗျာကြောင့် ကလေးတွေ ဆေးလိပ်သောက်ချင်လာလိမ့်မယ်လို့ ပြောတဲ့ ဆရာကြီးကို မေးလိုက်ချင်တယ်။ မယ်ခွေရဲ့ကဗျာကြောင့် ဆေးလိပ်သောက်တတ်မယ်ဆိုရင် WY တွေကိစ္စက ဘယ်သူ့ကဗျာကြောင့်ပါလိမ့်နော်။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - မထူးတော့ပါဘူးဗျာ။ ရှင်မဟာရဋ္ဌသာရတို့၊ ရှင်မဟာ သီလဝံသတို့၊ မန်လည်ဆရာတော်ဘုရားကြီးတို့ရဲ့ စာတွေကိုလည်း ဖြုတ်ပစ်လိုက်ပါတော့။

**တုတ်ထိုး** - ဘာလို့တုန်း။ သူတို့စာ၊ သူတို့ကဗျာတွေကရော ဆေးလိပ်နံ့ရနေလို့လား။
အိုးပေါက် - ဆရာတော်ဦးဝီရသူရဲ့ အမှုတွေတောင် မပြီးသေးဘူး။ ဖမ်းဝရမ်း ထုတ်ထားတာပဲ ရှိတယ်။ ဒီတော့ ဒီဆရာတော်ဘုရားတွေရဲ့ စာတွေကိုပါ ထုတ်။ ဖြုတ်။

**တုတ်ထိုး** - ဘုရား ဘုရား။ ဦးနှောက်အခွံ၊ နှလုံးသားအခွံနဲ့ ရှေ့ဘယ်လို့ ဆက်ကြမတုန်း။
အိုးပေါက် - မြန်မာ့ပညာရေး အလင်းပွင့်ပါစေကြောင်း ဆုတောင်းနေကြရုံပေါ့ဗျာ။

**တုတ်ထိုး** - ကောင်းလေစွ၊ ကောင်းလေစွတကား။ ။

မြစ်ကြီးနားသတင်း ဂျာနယ်

www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal

( ဇွန် ၁၀ ၊ ၂၀၁၉ )

# ယခု ပညာသင်နှစ်မှစ၍ အလယ်တန်းနှင့် အထက်တန်းအဆင့်များ စာသင်ကြားချိန် တိုးမည်

ဇွန် ၅

၂၀၁၉-၂၀ ပညာသင်နှစ်မှ စတင်ကာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသားများကို စာသင်ချိန်တစ်ချိန် တိုးမြှင့်ရန် အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားထားကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယခင် ပညာသင်နှစ်များတွင် တစ်ချိန်လျှင် ၄၅ မိနစ်နှုန်းဖြင့် စာသင်ချိန် ၇ ချိန် သင်ကြားခဲ့ပြီး ယခုနှစ်မှ စတင်ကာ ၈ ချိန် တိုးမြှင့်သင်ကြားသွားမည် ဖြစ်သည်။

ထပ်မံတိုးမြှင့် သင်ကြားမည့် စာသင်ချိန်တွင် ဂီတ၊ ပန်းချီ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယ၊ ကျောင်းတွင်းလုပ်ငန်း ပညာရပ်များကို ကျောင်းအလိုက် ညှိနှိုင်းလုပ်ဆောင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ယင်းဘာသာရပ်များကို သင်ကြားရာတွင် တွဲဖက်သင်ရိုးများ အဖြစ်သာ သင်ကြားခဲ့သော်လည်း ယခုနှစ် သင်ရိုးသစ်တွင် ကျောင်းသင် ဘာသာရပ်များအဖြစ် ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်ကာ အကဲဖြတ် စစ်ဆေးမှုများလည်း ပြုလုပ်မည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (လွတ်တော်) ဦးရဲအောင်က ပြောသည်။

"အပတ်စဉ် စစ်ဆေးလွှာ၊ လအလိုက် စစ်ဆေးလွှာဆိုပြီး ရှိသွားမယ်။ သင်လိုက်တယ်၊ ပြောတယ်၊ ဆွေးနွေးတယ်။ အဲ့ဒီအပေါ် သူတို့ရဲ့ ပြန်ဖြေတဲ့ဟာကို ကြည့်ပြီး အမှတ်ပေးတယ်။ အလွတ်ကျက်တာမျိုး မဟုတ်ဘဲနဲ့ပေါ့"ဟု ၎င်းက ပြောသည်။

ယခုနှစ် သင်ရိုးသစ်ပြောင်းသည့် Grade 6 နှင့် စာသင်ချိန် တူညီစေရန် အလယ်တန်းနှင့် အထက်တန်း အဆင့်ရှိ ကျန်အတန်းများကိုလည်း စာသင်ချိန် တစ်ချိန် ထပ်တိုးခြင်းဖြစ်ကြောင်း သိရသည်။ ■

Ann

## အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
ဇီးလွန်ရပ်ကွက်တွင်နေထိုင်သော
ဒေါ်ကိုင်လိန်၏ခင်ပွန်း၊ မပန်ဆိုင်း၊
မလုဆန်၊ မရွယ်ရွယ်၊ မောင်ဘရန်အောင်တို့၏
ဖခင် ဦးစိန်လှိုင်နှင့် ဦးရှဒန်ဂျတ်နော်
၁/မကန(နိုင်)၂၅၄၁၀၁ သည်
တစ်ဦးတည်းဖြစ်ပါကြောင်း
အသိပေးကြေညာအပ်ပါသည်။

## ကချင်ပြည်နယ်၏ အခြေအနေအရပ်ရပ်ကို လွှတ်တော်သို့တင်ပြရန် အစီအစဉ်နှင့် ပတ်သက်ပြီး

# ပြည်နယ်အစိုးရကို တနိုင်းအမတ်မေးမြန်း

ဇွန် ၇

**ပြည်**ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၈ ပုဒ်မခွဲ(က)(ခ)အရ ကချင်ပြည်နယ်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီအရင်ခံစာကို ပြည်နယ်အစိုးရမှ လွှတ်တော်သို့ တင်ပြရန် တနိုင်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းမှ လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

ဦးဇော်ဝင်းက ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲမှ ပြည်သူရွေးချယ်မှုဖြင့် အုပ်ချုပ်နေသည့် ကချင်ပြည်နယ် အစိုးရအဖွဲ့သည် လူထုကို ကတိကဝတ်ပေးခဲ့သည့်အတိုင်း ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ဆောင်ရွက်ခဲ့မှုများကို ပြည်နယ်လွှတ်တော်သို့ တင်ပြရန် အစီအစဉ် ရှိမရှိ ဇွန်လ ၇ ရက်နေ့က ပြုလုပ်သည့် လွှတ်တော် အစည်းအဝေးတွင် မေးမြန်းခဲ့ခြင်း ဖြစ်သည်။

"အဓိကကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၅၈ (က)(ခ) ပြည်နယ်လွှတ်တော်ကို ပြည်နယ်အစိုးရအဖွဲ့က တစ်နှစ်တစ်ခါ အစီရင်ခံစာ တင်သွင်းဖို့ တာဝန်ရှိပါတယ်။ လွှတ်တော်ကို အစီရင်ခံစာ မတင်ခဲ့လို့ အခုလို မေးမြန်းရခြင်း ဖြစ်ပါတယ်" ဟု မေးခွန်းမေးမြန်းရခြင်း၏ ရည်ရွယ်ချက်ကို ဦးဇော်ဝင်းက ပြောသည်။

ဦးဇော်ဝင်း၏ မေးမြန်းချက်ကို ပြည်နယ်အစိုးရ၊ ဘဏ္ဍာအခွန်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြန်လည်ဖြေကြားရာတွင် ပြည်နယ် အစိုးရအနေဖြင့် အထက်ပါကဏ္ဍ အသီးသီးကို အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ် လွှတ်တော်မှ ပေးပို့သည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကော်မတီဖွဲ့ ဆောင်ရွက်သည့် လုပ်ငန်းများအပေါ် လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့် ပေးပို့လာသည့် ကိစ္စရပ်များကို ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်သည့် လုပ်ငန်းများအပေါ် ဆောင်ရွက်ခဲ့မှုများကို လွှတ်တော်သို့ ဆွေးနွေးတင်ပြခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အစီရင်ခံစာများကိုလည်း ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ဝန်ကြီးဌာနအလိုက် တင်ပြသွားမည်ဖြစ်ကြောင်း ဝန်ကြီးမှ ဖြည့်စွက်ဖြေကြားခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈ ပုဒ်မခွဲ(က) တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့) ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့) ပြည်နယ်လွှတ်တော်သို့ အစီရင်ခံရမည်ဟု ဖော်ပြထားပြီး အပိုဒ်(ခ)တွင် မိမိနယ်မြေဒေသ၏ အခြေအနေ အရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သက်ဆိုင်ရာတိုင်းဒေသကြီး(သို့) ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်ဟုလည်း ဖော်ပြပါရှိသည်။ ■

စည်သူ(မြစ်ကြီးနား)

# ကျပ်သိန်းပေါင်း ရှစ်သောင်းကျော်ဖြင့် တင်ဒါအဆိုပြုချက်ရရှိထားသည့်

## ဗန်းမော်ကားကြီးဝင်း တည်ဆောက်ရေး လုပ်ငန်းများအကောင်အထည်ပေါ်ရန် ဝေးနေသေးဟုဆို

ဇွန် ၇

**ဗန်း**မော်မြို့နယ်တွင် အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက်ရန် သုံးနှစ်ကျော်ကာလအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ ဆက်လက်ဆောင်ရွက်ရန်မှာလည်း မသေချာသေးကြောင်း သိရသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဗန်းမော်ကားကြီးဝင်း တည်ဆောက်ရန် ကတိကဝတ် ပြုထားသော်လည်း ယနေ့ အချိန်အထိ အကောင်အထည် ဖော်နိုင်ခြင်း မရှိသေးသောကြောင့် ဗန်းမော်မြို့နယ်၊ မဲဆန္ဒအမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သင်းက ဇွန်လ ၇ ရက်နေ့က ကျင်းပခဲ့သော ပြည်နယ် လွှတ်တော် အစည်းအဝေးတွင် မေးမြန်းခဲ့သည်။

အဆိုပါ ယာဉ်ရပ်နားစခန်း တည်ဆောက်ရန် အခက်အခဲ အမျိုးမျိုး၊ မြေယာပြဿနာအမျိုးမျိုး ဖြေရှင်းခဲ့ပြီး တင်ဒါအမျိုးမျိုး ခေါ်ယူခဲ့ကာ "ကားကြီးများက လမ်းဘေးမှာ ရပ်ထားရခြင်းကြောင့် ယာဉ်ကြော ပိတ်ဆို့မှုတွေနဲ့ ကြုံနေရပါတယ်။ လူထုကလည်း သုံးနှစ်လုံး ကားကြီးဝင်း အကောင်အထည်ဖော်ဖို့ ဆိုပြီးတော့ အစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ကို အမျိုးမျိုး မေးခွန်းထုတ်နေပါတယ်။ ကချင်ပြည်နယ် အစိုးရအဖွဲ့က ကားကြီးဝင်း ပြီးမြောက်အောင် ဆောင်ရွက်မယ်လို့ သမ္မတကြီးကို ကတိပေးထားတာ ရှိပါတယ်"ဟု ဦးအောင်သင်းက လွှတ်တော်တွင် ဆွေးနွေးတင်ပြခဲ့သည်။

ကချင်ပြည်နယ် အစိုးရအနေဖြင့် ဗန်းမော်ကားကြီးဝင်း ပြီးမြောက်ရန်အတွက် အကြိမ်ကြိမ် တင်ဒါခေါ်ယူခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိဘဲ ပျက်ပြယ်သွားခဲ့ပြီး ယနေ့အချိန်ထိတိုင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီက ပြန်လည်ဖြေကြားခဲ့သည်။

"စိန်မောင်နှမ ကုမ္ပဏီ (နောက်ဆုံး တင်ဒါရှိထားသည့် ကုမ္ပဏီ) မှ မေလ ၂၄ ရက်နေ့ ရက်စွဲပါ စာဖြင့် ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံ လိပ်မူပြီး အစိုးရအဖွဲ့ပိုင် နယ်မြေကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ အစိုးရအဖွဲ့နဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုကြောင်း တင်ပြထားတာကို ထပ်မံသိရှိရသဖြင့် စည်ပင်သာယာရေး ဝန်ကြီးဌာနထံ ပြည်နယ်အစိုးရမှ ကားကြီးဝင်းဖြစ်မြောက်ရေးအတွက် ဆက်လက် အကောင်အထည်ဖော်သွားရန် ခွင့်ပြုမှသာလျှင် အကောင်အထည်ဖော်နိုင်တော့မည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်"ဟု စည်ပင်ဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

နောက်ဆုံး တင်ဒါအောင်ခဲ့သည့် စိန်မောင်နှမ ကုမ္ပဏီသည် ဗန်းမော်မြို့အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက် ခွင့်ပြုနိုင်ရေးအတွက် ဧပြီလ ၃၀ ရက်နေ့က ခန့်မှန်းတန်ဖိုး ကျပ်သိန်းပေါင်း ၈၁၇၀၀ သိန်းဖြင့် အဆိုပြုလွှာ လျှောက်ထားခဲ့ကြောင်းလည်း သိရသည်။

ဗန်းမော်မြို့သည် မန္တလေးမြို့နှင့် ကုန်သွယ်မှုအတွက် ဧရာဝတီမြစ်ကြောင်းကို အဓိက အားထားခဲ့ရသော မြို့တစ်မြို့ ဖြစ်ခဲ့ရာမှ ၂၀၀၂-၀၃ ခုနှစ်ဝန်းကျင်မှ စတင်ကာ ဗန်းမော်-မန္တလေး အဝေးပြေးယာဉ်လိုင်းများ စတင်ပြေးဆွဲခဲ့သော မြို့ဖြစ်သည်။ ■

စည်သူ(မြစ်ကြီးနား)

# မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို လမ်း တာချဲ့ခြင်းနှင့် ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ

## မိုးမကျမီ ပြီးစီးအောင် ဆောင်ရွက်ရန်အစီအစဉ် ရှိမရှိ

ဇွန် ၄

**မြစ်**ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းတွင် လမ်းတာချဲ့ခြင်းနှင့်ကျောက်လမ်းခင်းခြင်းလုပ်ငန်း မပြီးစီးသေးသဖြင့် မိုးရာသီမရောက်မီ အပြီးဆောင်ရွက်ပေးရန် အစီအစဉ်နှင့်ပတ်သက်ပြီး ဆွမ်ပရာဘွမ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲက ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

“ယခုအချိန်မှာ မိုးတွင်းကာလ ရောက်ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် ကျန်ရှိနေသေးသည့် လမ်းပိုင်းအား အမြန်ဆုံး ဆောင်ရွက်ပေးပါက မိုးရာသီတွင် ပူတာအိုခရိုင်အတွင်းရှိ ပြည်သူလူထုများ သွားလာရေး ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး အစစအရာရာ နှောင့်နှေးလာသည့်အတွက် အမြန်ဆုံး ဆောင်ရွက်ပေးဖို့ စီစဉ်ထားခြင်း ရှိမရှိကို မေးမြန်းရခြင်းဖြစ်ပါတယ်”ဟု ဦးဇော်ဒွဲက တင်ပြသည်။

အဆိုပါလမ်း လမ်းတံတား အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ၂၀၁၇- ၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ မနောဇရာကုမ္ပဏီမှ ၁၂၇ ဒသမ ၈၅ မီတာအပြင် ၁၃၃ ဒသမ ၈၅ ကီလိုမီတာအတွင်းမှ ၆ ကီလိုမီတာကို ၁၂ ဒသမ ၁၉ မီတာအကျယ်ရရှိရန် လမ်းတာချဲ့ခြင်း၊ ခွဲကျောက်ခင်းခြင်း၊ သဲကျောက်ကြိတ်ခြင်း လုပ်ငန်းများနှင့် အောက်စတားဂတ် ၅စင်းဆောက်လုပ်ခြင်း လုပ်ငန်းများကိုလည်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၇၈၉ ဒသမ၅၀၅ သန်းဖြင့် တင်ဒါရရှိပြီး လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မနောဇရာ ကုမ္ပဏီမှ ဆောင်ရွက်ခဲ့ရာ ယခုအခါ လမ်းချဲ့ခြင်းလုပ်ငန်းမှာ ၄ ဒသမ၄၅ကီလိုမီတာ ခွဲကျောက်ခင်းပြီး အမာခံလမ်းခင်းသည့် လုပ်ငန်းမှာ ၄ ကီလိုမီတာ ပြီးစီးနေပြီဖြစ်ကာ လမ်းချဲ့ခြင်းလုပ်ငန်း ၁ ဒသမ ၅၅ ကီလိုမီတာ ခွဲကျောက်ခင်းခြင်း ၃ ကီလိုမီတာနှင့် အောက်စတားဂတ် ၁ စင်း တည်ဆောက်ရန် ကျန်ရှိနေကြောင်း၊ လမ်းချဲ့ရန် ကျန်ရှိသည့် ၁၂၇ ဒသမ ၈၉ နှင့် ၁၃၃ ဒသမ ၈၅ ကီလိုမီတာအပိုင်း တောင်အမြင့် ပေ ၈၀မှ ပေ၁၂၀ အထိ မြင့်မားပြီး သဲကျောက်မြေအမျိုးအစားဖြစ်ခြင်း၊ တောင်ကမ်းပါးယံ မတ်စောက်ခြင်းတို့ကြောင့် ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိနေသဖြင့် လုပ်ငန်းများ ရပ်နားခဲ့ခြင်းဖြစ်ကြောင်း လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာနကိုယ်စား စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ဖြေကြားခဲ့သည်။

“ယခုအခါ လုပ်ငန်းပြီးစီးမှု မရှိသေးသည့် ဆောင်ရွက်ရန် ခက်ခဲသည့် သဲကျောက်တောင် လမ်းပိုင်းမှာ လမ်းဦးစီးဌာနနှင့် မနောဇရာကုမ္ပဏီတို့ ညှိနှိုင်းဆွေးနွေး အဖြေရှာဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တင်ဒါအောင်မြင်၍ လုပ်ငန်းပြီးစီး အောင်မြင်မှု မရှိသေးသည့်လုပ်ငန်းများအမြန်ဆုံး ပြီးပြတ်အောင် ညွှန်ကြားဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားထားပါတယ်”ဟု ဦးကျော်ကျော်ဝင်းက ဖြေကြားပေးခဲ့သည်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းသည် ယခင်က မိုးရာသီများတွင် လနှင့်ချီ ကြာမြင့်သည့်လမ်းများဖြစ်ပြီး ပွင့်လင်းရာသီများတွင် တစ်ပတ်ခန့်ကြာအောင် သွားရသည့်လမ်းပိုင်းများဖြစ်ကာ ယခင်အစိုးရလက်ထက် ဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံ သွင်းကုန်ထုတ်ကုန်ဘဏ်မှ ချေးငွေများဖြင့် ဆောင်ရွက်မည်ဟု ပြောကြားပြီး အကောင်အထည် မဖော်ခဲ့သော လမ်းဖြစ်သည်။■

မျိုးမြတ်မြတ်ပန်

စာ .. ၃ လီဆူဆန္ဒပြပွဲ မှ »

ရပ်များအပေါ် ဗဟိုမှ တာဝန်ယူသည့်အနေဖြင့် သတ်ဖြတ်ခံရသည့် သုံးဦး၏မိသားစုများကို နစ်နာကြေးကျပ်သိန်း ၁၅၀ စီနှင့် ထွက်ပြေးခဲ့သူကို ကျပ်သိန်း ၄၀ တို့ကို မြန်မာနိုင်ငံလီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့်တွေ့ဆုံကာ ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း ကေအိုင်အိုဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

“ ကျွန်တော်တို့ ဝန်ထမ်းတွေ အခုလိုမျိုး မှားတယ်။ ခြေလွန်လက်လွန် ဖြစ်သွားတယ်ပဲဖြစ်ဖြစ်၊ ဘာလိုပဲဖြစ်ဖြစ် သတ်ဖြတ်ခံရတဲ့မိသားစုတွေကိုတော့ လီဆူရပ်မိရပ်ဖတွေ ရိုးရာယဉ်ကျေးမှုကော်မတီတွေ အားလုံးနဲ့ ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီးမှ သူတို့ကို နစ်နာကြေးတွေလည်း သူတို့ ကျေနပ်တဲ့အထိ ပေးလိုက်ပြီဖြစ်ပါတယ်” ဟု ၎င်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းပြပြောဆိုသည်။

ဒူးလေးပါတီဥက္ကဌ ဦးရွှေမင်းက ၎င်းတို့ တောင်းဆိုထားသည့် အချက် ၄ ချက်မှ နစ်နာကြေးဆိုသည့် အချက် ၃ တွင် လတ်တလော ဖြစ်ပွားခဲ့သည့် လီဆူတိုင်းရင်းသား ၃ ဦးကို သတ်ခဲ့မှုကိုသာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး ထိုဖြစ်စဉ်မတိုင်မီက ဖြစ်ပွားခဲ့သည့် သတ်ဖြတ်မှုများကို အလုံးစုံ ပြီးပြတ်အောင် ဆောင်ရွက်ပေးခြင်း မရှိသေးကြောင်း၊ ကေအိုင်အို/ ကေအိုင်အေအနေဖြင့် ကျန်အချက် သုံးချက်ကိုလည်း ဆောင်ရွက်ပေးမည်ဆိုပါက လီဆူနဲ့ ကေအိုင်အိုတို့အကြား မပြေလည်မှုများ ငြိမ်းအေးသွားမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

“ လတ်တလော ဖြစ်ပေါ်ခဲ့တဲ့ ၃ ယောက် သတ်မှုကတော့ တစ်စိတ်တစ်ပိုင်း ဖြေရှင်းပြီးပြီလို့ ကြားသိရပါတယ်။ ဒါပေမဲ့ အလုံးစုံကိုတော့ မပြီးသေးပါဘူး။ ဆဒုံးမှာ သတ်ခဲ့တာအတွက် နစ်နာကြေးတွေ မပေးရသေးဘူး။ လူမှုရေးထုံးတမ်း ဆိုင်ရာတွေ မလုပ်ပေးရသေးသလို ဝိုင်းမော် ခါးရှိကိစ္စကလည်း ဘာမှ တစ်စုံတစ်ရာ ဖြေရှင်းပေးခဲ့ခြင်းလည်း မရှိပါဘူး။ အဲ့ဒီအတွက် ၃ ချက်မြောက်က နစ်နာကြေးဆိုတဲ့နေရာမှာ အလုံးစုံတော့ ပြည့်စုံသေးတာ မဟုတ်ပါဘူး။ သို့သော် ဖြေရှင်းပေးတဲ့အတွက် တစ်စိတ်တစ်ဒေသတော့ ပြေလည်သွားပါပြီ။ ကျန်တဲ့ တောင်းဆိုချက် ၃ ချက်ကိုသာ လိုက်လျောပေးမယ်ဆိုရင် ကျွန်တော်တို့ လီဆူနဲ့ ကေအိုင်အေကြားမှာ သံသယတွေ မယုံသကာမှုတွေ ငြိမ်းအေးသွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ကျန်ရှိသည့် အချက် ၃ ချက်ကိုလည်း ကေအိုင်အို/ ကေအိုင်အေမှ စေလွှတ်သည့် စိစစ်ရေးအဖွဲ့ ပြန်လည် ရောက်ရှိခြင်းမရှိသေးကြောင်းနှင့် ဆန္ဒပြတောင်းဆိုမှုတွင်လည်း နိုင်ငံရေးပါတီ ဖြစ်နေသည့်အတွက် မိမိတို့ ကေအိုင်အေနဲ့ တိုက်ရိုက် ဆက်သွယ်ရန် အဆင်မပြေကြောင်း လီဆူတိုင်းရင်းသားများ အားလုံးကိုယ်စားပြုကာ ယခုကဲ့သို့ တောင်းဆိုလာပါက တိုင်းရင်းသား ကိုယ်စားလှယ်များ အားလုံးနှင့် တွေ့ဆုံပါက အဆင်ပြေမည့် ကိစ္စရပ်ဖြစ်သည်ဟုလည်း ဗိုလ်မှူးကြီး နော်ဘူက ထပ်မံပြောဆိုသည်။

“စိစစ်ရေး အဖွဲ့တွေလည်း ပြန်မရောက်သေးဘူး။ နောက်ပြီး သူတို့က နိုင်ငံရေးပါတီ ဖြစ်နေတယ်။ တိုက်ရိုက် ကျွန်တော်တို့နဲ့ ဆက်သွယ်ဖို့တော့ အဆင်မပြေဘူး။ ဒါကြောင့် လီဆူတိုင်းရင်းသားတွေ အားလုံး ကိုယ်စားပြုပြီးမှ ခုလိုမျိုး တောင်းဆိုတယ် ဆိုလို့ရှိရင်တော့ တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ အားလုံး တွေ့ဆုံညှိနှိုင်းရင် အဆင်ပြေမယ်လို့ ပြောလိုပါတယ်။ ညှိနှိုင်းလို့လည်း ရတဲ့ကိစ္စဖြစ်ပါတယ်။ ခုလိုမျိုး အပြင်ကနေ ဆန္ဒပြပြီးမှ လုပ်စရာတော့ မလိုဘူးလို့ ပြောလိုပါတယ်”ဟု ဗိုလ်မှူးကြီးနော်ဘူက ကျန် အချက် ၃ ချက်အပေါ် ယခုကဲ့သို့ ပြောဆိုခဲ့သည်။

ကချင်နိုင်ငံရေး ပါတီဖြစ်သည့် ကချင်အမျိုးသားကွန်ဂရက် ပါတီကလည်း ဒူးလေးပါတီ၏ ဇွန်လ ၃ ရက်နေ့က ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲကို မိမိတို့ပါတီမှ ဆန့်ကျင်ရှုံ့ချကြောင်း ဇွန်လ ၄ရက်နေ့က သဘောထား ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်တွင် “ဆန္ဒထုတ်ဖော်ပွဲတွင် ကိုင်ဆောင်သည့် ဆိုင်းဘုတ်တွင် ငြိမ်းချမ်းရေးကို ဆွေးနွေးနေဆဲဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဖြစ်သည့် ကေအိုင်အို/ကေအိုင်အေကို အမြစ်ပြတ်ချေမှုန်းပေးရန် တပ်မတော်ထံ တောင်းဆိုချက်အပေါ် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်နေသည့် ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် စစ်ရေးထက် နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံအဖြေရှာနေမှုကို ဆန့်ကျင်ကာ လှုံ့ဆော်ချက်ဖြစ်စေသောကြောင့် ကန့်ကွက်ပါသည်”ဟု ထည့်သွင်းရေးသားထားသည်။

ထို့အပြင် အစိုးရထိန်းချုပ်မှု ဧရိယာပြင်ပအတွင်း ဖြစ်ပွားသော ကိစ္စရပ်များအတွက် ရပ်တည်တောင်းဆိုချက်မှာ ကချင်မျိုးနွယ်စုအားလုံးအတွက် နှစ်ဖက်လက်နက်ကိုင် (၂) ဖွဲ့လုံးထံ တောင်းဆိုရမည်ဖြစ်ပြီး လူမျိုးတစ်စုအတွက်သာ ရွေးချယ် ရပ်တည်တောင်းဆိုမှုသည် ကချင်မျိုးနွယ် ၆ မျိုးစလုံးအတွက် တည်ငြိမ်မှုကို ပျက်ပြားစေသည့် လုပ်ရပ်အဖြစ် ကချင်အမျိုးသားကွန်ဂရက်ပါတီမှ ဆန့်ကျင်ရှုတ်ချကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

သို့ဖြစ်၍ ဒူးလေးပါတီမှ တာဝန်ရှိသူများ အနေဖြင့် ကချင်ယဉ်ကျေးမှု ဗဟိုကော်မတီနှင့် သော်လည်းကောင်း ကချင်နိုင်ငံရေး အစုအဖွဲ့များနှင့် သော်လည်းကောင်း ဆန္ဒပြပွဲနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးရန် မိမိတို့ပါတီမှ တောင်းဆိုကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ကေအိုင်အို/ ကေအိုင်အေအပေါ် ဆန္ဒဖော်ထုတ်ခြင်းကို လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ ဦးဆောင်ကာ ပြုလုပ်ခြင်းဖြစ်ပြီး ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်မှ လီဆူတိုင်းရင်းသား ၃၀၀၀ ကျော်တို့က ဆန္ဒထုတ်ဖော်ခဲ့ကြခြင်း ဖြစ်သည်။

ယင်း ဆန္ဒထုတ်ဖော်ပွဲတွင် လီဆူတိုင်းရင်းသားများအပြင် မြန်မာပြည်မြောက်ပိုင်း ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့တို့ကလည်း ပါဝင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အပြင် မြန်မာပြည်မြောက်ပိုင်း ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့ကလည်း လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ပြုလုပ်သည့် ကေအိုင်အို/ကေအိုင်အေအဖွဲ့ကို ဆန့်ကျင်ရှုတ်ချသည့် ဆန္ဒဖော်ထုတ်ပွဲကို ကြိုဆိုထောက်ခံကြောင်း ဇွန်လ ၁ ရက်နေ့က သဘောထား ထုတ်ပြန်ထားသည်။

အမေရိကန်ရောက် လီဆူအဖွဲ့ချုပ်မှလည်း “လီဆူပြည်သူများအား သတ်ဖြတ်ခြင်းနှင့် လီဆူလူငယ်များအား မတရားတပ်သားစုဆောင်းမှုအပေါ် ဆန္ဒပြတောင်းဆိုမှုကို ကြိုဆိုထောက်ခံကြောင်း” သဘောထား ထုတ်ပြန်ခဲ့သည်။ ■

Salai

# မွေးရာပါ ခြေထောက်ခွင်ကလေးငယ်များကို မြစ်ကြီးနားဆေးရုံတွင် အခမဲ့ကုသပေးမည်




ဇွန် ၄

**မြစ်**ကြီးနားမြို့သို့ ဆေးကုသခံရန် နယ်ဝေးမှလာရောက်မည့် မွေးရာပါ ခြေထောက်ခွင်ကလေးငယ်များ နေထိုင် စားသောက်စရိတ်အတွက် မြစ်ကြီးနားဆေးရုံဝန်းတွင် အခမဲ့စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားဆေးရုံ ဆေးကုသမှုကို အပတ်စဉ် အင်္ဂါနေ့မနက်ပိုင်းတွင် ကုသပေးမည်ဖြစ်သောကြောင့် နယ်ဝေးမှ လာရောက်ရန် အဆင်မပြေသူများကို အိပ်ခန်းနှင့် အစားအသောက် အခမဲ့ စီစဉ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

မွေးရာပါ ကလေးခြေထောက်ခွင်ရောဂါ ရှိသူများကို ကုသပေးရန် အစိုးရတစ်ခုတည်း အနေဖြင့် ဆောင်ရွက်ခြင်း မဟုတ်ဘဲ ပြင်ပမှ အကူအညီများလည်း ရရှိလာပြီဖြစ်သဖြင့် ကလေးများကို ယခင်ကထက် ကောင်းမွန်ထိရောက်အောင် ကုသပေးနိုင်တော့မည်ဟု ဒေါက်တာကေနော်အောင်က ပြောသည်။

"အရင်ကဆိုရင် ကိုယ့်ဟာနဲ့ကိုယ်ပဲ ကုပေးနေရတော့ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ကုမပေးနိုင်ဘူး။ အခုက နောက်ကထောက်ပံ့ပေးနေတဲ့ အဖွဲ့အစည်းတွေရှိလာတော့ အဆင်ပြေပြီး ထိရောက်အောင် ကုနိုင်တယ်"ဟု ဒေါက်တာက ပြောသည်။

နိုင်ငံရပ်ခြားမှ အတွေ့အကြုံရှိ ဆရာဝန်ကြီးများမှ ကုသပေးမည်ဖြစ်ပြီး ကချင်ပြည်နယ်တွင် ကုသခံသူကလေး ၁၇ ဦးကို ကုသပေးခဲ့ရာ ၉၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရောဂါသည် ကလေးငယ် အယောက် ၈၀၀ လျှင် တစ်ယောက်နှုန်း ဖြစ်ပွားတတ်သော ရောဂါတစ်ခုဖြစ်ကြောင်း သိရသည်။ ■

Ah Je

# ထီးနီတီအသင်းတော်ရှိ အင်ဂျန်းယန် စစ်ရှောင်ပြည်သူများ ရေအခက်အခဲဖြစ်နေ



ဇွန် ၆

**မြစ်**ကြီးနားမြို့ နောင်နန်းရပ်ကွက်ရှိ ထီးနီတီအသင်းတော်တွင်နေထိုင်သော အင်ဂျန်းယန်မြို့နယ်မှ စစ်ရှောင်ပြည်သူများ သောက်သုံးရေ အခက်အခဲနှင့် ရင်ဆိုင်နေရသည်မှာ ၄ လ ခန့်ရှိပြီ ဖြစ်ကြောင်း စစ်ရှောင်စခန်းတာဝန်ခံဦးအင်လမ်းကယိန်းက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

ထို စစ်ရှောင်စခန်းတွင် မူလရေတွင်းဟောင်း တစ်ခုတည်းရှိသော်လည်း ယခုချိန်တွင် ရေခမ်းသွားသဖြင့် နေ့စဉ် သုံးဘီးတစ်စီးဖြင့် တစ်နေ့လျှင် ၅ ခေါက်ကျ ရေသယ်ယူနေရကြောင်း ဦးအင်လမ်းကယိန်းက ဆက်လက်ပြောသည်။

"တစ်နေ့ ဆီတစ်ဂါလံကုန်တယ်။ ဆီကို မလောက်လောက်အောင် ဒီလိုပဲ သုံးရတာပေါ့။ အဲဒီကြားထဲ သုံးဘီးက ခဏခဏပျက်တော့ ပြန်ပြင်ရတယ်" ဟု ၎င်းက ပြောသည်။

ယင်းသို့ ရေအခက်အခဲကို ဖြေရှင်းနိုင်ရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းက ရေဘုံဘိုင်တစ်ခု တူးထားသော်လည်း ၁၀ မိနစ်ခန့် ရေစုပ်လိုက်သည်နှင့် သဲများထွက်လာသောကြောင့် မိုးရာသီရေတက်ချိန်မှ ဆိုလာရေစုပ်စက်ဖြင့် ရေတင်ရန် စီစဉ်နေသည်မှာ တစ်လခန့် ကြာပြီဖြစ်ကြောင်း စခန်းတာဝန်ခံက ရှင်းပြသည်။

"တရုတ်ပြည်က ဆိုလာစောင့်နေတာလည်း တစ်လရှိသွားပြီ။ မရောက်သေးဘူး။ အခုက အိမ်သာနဲ့ ရေအဆင်မပြေ ဖြစ်နေတာပါ။ ရေချိုးခန်းက အမှန်အကန်ဆောက်ထားပြီး ရေက မရှိဖြစ်နေတယ်"ဟု ပြောသည်။

အင်ဂျန်းယန်မြို့နယ် စစ်ရှောင် ပြည်သူများသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းကမှ ထီးနီတီအသင်းတော်သို့ ရောက်ရှိခိုလှုံခဲ့ခြင်းဖြစ်ပြီး ယခုလက်ရှိတွင် ပလနပိတောက်မြိုင်ရှိ စခန်းသစ်သို့ ၂၀၁၉ ခုနှစ် ဧပြီလက ပြောင်းရွှေ့ခဲ့ကာ လူဦးရေ စုစုပေါင်း ၈၀၀ ကျော် နေထိုင်လျက် ရှိကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# နေရပ်ပြန် နန်ဆန်ယန်ပြည်သူများ

## သောက်သုံးရေ အခက်အခဲဖြစ်




ဇွန် ၇

**မြစ်**ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တစ်ဝိုက်ရှိ စစ်ရှောင်စခန်းများတွင် ရှစ်နှစ်နီးပါးခန့် တိုက်ပွဲတိမ်းရှောင်ခဲ့ရာမှ နေရပ်ဒေသသို့ ပထမဆုံး ပြန်လည် နေထိုင်ကြသော နန်ဆန်ယန်ကျေးရွာမှဒေသခံများ သောက်သုံးရေ အခက်အခဲဖြစ်ကြောင်း သိရသည်။

နန်ဆန်ယန်ဒေသရှိ ရေတွင်းရေကန်များမှာ ရှစ်နှစ်ခန့် အသုံးမပြုဘဲ ပစ်ထားခဲ့သည့် ရေအရင်းအမြစ်များ ဖြစ်သဖြင့် ရေရှားပါးမှုနှင့် ရေခမ်းခြောက်မှုများကို ကြုံတွေ့နေရခြင်း ဖြစ်ကြောင်း နန်ဆန်ယန် စစ်ရှောင်များ နေရပ်ပြန်ရေးအတွက် ဦးစီးဆောင်ရွက်နေသူ ဦးဖော်လားကမ်ဖန်က ပြောသည်။

"ရွာသားတွေအတွက် ကသောက်သုံးရေက အရမ်းအရေးကြီးတယ်။ တူးဖို့ကျတော့လည်း မတတ်နိုင်သေးဘူး"ဟု ဦးဖော်လားကမ်ဖန်က ပြောသည်။

နန်ဆန်ယန် ကျေးရွာတွင် အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၅၂၆ ဦး ပြန်လည်ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရပြီး လက်ရှိ အခြေအနေတွင် သောက်သုံးရေအတွက် နီးစပ်ရာချောင်းမှ သယ်ယူအသုံးပြုနေရကြောင်း သိရသည်။

အာရ်စီ ဘုရားကျောင်းဝင်းအတွင်း နေထိုင်ပြီး ကျောင်းတက်ရန် ရောက်ရှိနေကြသော ကျောင်းသူကျောင်းသားများ အတွက်လည်း သောက်သုံးရေများ အခက်အခဲဖြစ်နေကြောင်း သိရသည်။

၂၀၁၁ ခုနှစ်မှစတင်ကာ စစ်ဘေး တိမ်းရှောင်နေကြရသော နန်ဆန်ယန်ဒေသခံများသည် ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ် အတွင်းရှိ စစ်ရှောင်စခန်းများတွင် နေထိုင်လျက်ရှိရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ AG,RC နှင့် KBC စစ်ရှောင်စခန်းများတွင် အိမ်ထောင်စု ၂၅၀ ခန့် ကျန်ရှိနေသေးကြောင်း သိရသည်။ ■

Ah Je

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်တွင်နေထိုင်သော ဦးမြင့်အောင်၏ဇနီး၊ မောင်အောင်မျိုးဝင်း နှင့် မစုစုံ၏မိခင်အမည်မှန်မှာ ဒေါ်ခင်မာသင်း ၁/ရဘန(နိုင်) ၂၄၈၀၀၅ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအုပ်စု၊ ဝွေထုကျေးရွာ၊ ၅ ရပ်ကွက်တွင်နေထိုင်သော အဘ ဦးချန်းဆောင် အမိဒေါ်လမာခေါန်၏သား အမည်မှန်မှာမောင်ဆောင်ဇုန်းဖြစ်ပါသဖြင့် မောင်ထွယ်အောင်အား မောင်ဆောင်ဇုန်းဟူ၍ ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ခြောက်နှစ်သမီးကို အဓမ္မကျင့်သည့် ဖားကန့်က အမျိုးသားကြီးကို ထောင်ဒဏ် နှစ် ၂၀ ချမှတ်

ဇွန် ၇

**ဖား**ကန့်မြို့နယ်၊ ဆိုင်းတောင်ကျေးရွာမှ အသက် ၆ နှစ်အရွယ် မိန်းကလေးငယ်ကို အဓမ္မပြုကျင့်ခဲ့သည့် အသက် ၆၀ အရွယ် အမျိုးသားကို ပုဒ်မ ၃၇၆ ဖြင့် ဇွန်လ ၇ ရက်နေ့တွင် ထောင်ဒဏ် နှစ် ၂၀ ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါအမှုသည် လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် တစ်နှစ်နှင့် ၆ လကြာ တရားရင်ဆိုင် ဖြေရှင်းခဲ့ရကြောင်း သိရသည်။

"ခံခဲ့ရတဲ့ ကလေးရဲ့ မိသားစုနဲ့ ပတ်ဝန်းကျင်က လူတွေ၊ လူမှုကူညီရေး အသင်းတွေရဲ့ မှန်ကန်တဲ့ သက်သေ ထွက်ဆိုမှုတွေကြောင့် ဦးသန်းမောင်က အသက် ၆ နှစ်တောင် မပြည့်တဲ့ မိန်းကလေးကို အဓမ္မပြုကျင့်တာက ထင်ရှားတယ်ဆိုပြီး သူ့ကို နှစ် ၂၀ ထောင်ဒဏ် ချမှတ်လိုက်တာဖြစ်ပါတယ်" ဟု ဖားကန့် ကချင်အမျိုးသား လူမှုဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (Myusha Zinlum Hpun)၊ အမျိုးသမီး အကူအညီပေးရေးဌာနမှ အတွင်းရေးမှူး ဒေါ်ကိုင်ရိန်က ပြောသည်။

အသက်မပြည့်သည့် မိန်းကလေးငယ်များကို အဓမ္မပြုကျင့်သည့် သက်ငယ်မုဒိမ်းမှုများသည် ကချင်ပြည်နယ်အတွင်းသာမက မြန်မာတစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသည့်အတွက် မျှတမှုရှိသော တရားဥပဒေဖြင့် မိန်းကလေးငယ်များကို ကူညီပေးကြရန်၊ မကောင်းသည့် ဒုစရိုက်မှုများလည်းပပျောက်သွားရန်၊ ချမှတ်ထားသော တရားဥပဒေကို ကောင်းစွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဒေါ်ကိုင်ရိန်က အကူအညီ တောင်းဆိုခဲ့သည်။

ဖားကန့် မြို့နယ်တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လကလည်း သက်ငယ်မုဒိမ်းမှု ကျူးလွန်သူအမျိုးသားတစ်ဦးကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

FUJIFILM နှင့် ကချင်ပြည်နယ် ဓာတ်ပုံအသင်းတို့ ပူးပေါင်း၍

# ဓာတ်ပုံပညာဆိုင်ရာ ဟောပြောပွဲကျင်းပ



ဇွန် ၅

**မြန်**မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် ဓာတ်ပုံပညာရှင် ကိုခင်မောင်ရွှေတို့က ဓာတ်ပုံပညာနှင့် ပတ်သက်သော အတွေ့အကြုံဗဟုသုတများ ဝေမျှဆွေးနွေးသည့် ဟောပြောပွဲကို မြစ်ကြီးနားမြို့ Cartel Hotel ၌ ဇွန်လ ၅ ရက်က ကျင်းပခဲ့သည်။

FUJIFILM နှင့် ကချင်ပြည်နယ်ဓာတ်ပုံ အသင်းတို့ ပူးပေါင်းစီစဉ်သည့် ယင်းဟောပြောပွဲတွင် ကချင်ပြည်နယ်အတွင်းရှိ ဗန်းမော်၊ နမ္မတီး၊ မိုးကောင်း၊ ဗန်းမော်၊ ပင်းဘော၊ ဟိုပင်၊ တာလောကြီး၊ မိုးညှင်း၊ ကေဘီစီ၊ ကက်သလစ် အသင်းတော်၊ ကြက်ခြေနီ အသင်းတို့မှ ဓာတ်ပုံ ဝါသနာရှင်များနှင့် ကချင်ပြည်နယ် ဓာတ်ပုံအသင်းဝင်များ ပါဝင်ခဲ့ကြပြီး ဓာတ်ပုံပညာ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကချင်ပြည်နယ် ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးပေါလ်လုက မြစ်ကြီးနားဂျာနယ်သို့ ပြောသည်။

ဆရာ ခင်မောင်ရွှေမှ "Pre Wedding ဓာတ်ပုံ ရိုက်တာနဲ့ ပတ်သက်ပြီး နည်းပညာကိုလည်း ဝေမျှပေးရင်း ဓာတ်ပုံရိုက်တဲ့ပညာ တိုးတက်ဖို့ရန်၊ ပြီးတော့ သူတို့ရဲ့ Product ကင်မရာတွေကိုလည်း မိတ်ဆက်ပေးရင်းပေါ့။ ကင်မရာတွေကို ဘယ်လို ထိန်းသိမ်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကုမ္ပဏီကနေ Strategy နဲ့ လာခဲ့တာကြောင့် ကျွန်တော်တို့လည်း လက်ခံခဲ့တယ်"ဟု ဦးပေါလ်လုက ပြောသည်။

FUJIFILM Myanmar အနေဖြင့် ကချင်ပြည်နယ်ရှိ ဓာတ်ပုံ ဝါသနာရှင်များ အတွက် ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပြီး ဓာတ်ပုံပြိုင်ပွဲများ အခြားအစီအစဉ်များ ပြုလုပ်သွားရန်လည်း အစီအစဉ်ရှိကြောင်း မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ပြောသည်။

"အဲဒီ အစီအစဉ်လည်း အကောင်အထည် ဖော်ဖြစ်မယ်လို့ ထင်ပါတယ်။ အဲ့အချိန်မှာ ဖူဂျီကင်မရာ သုံးတဲ့သူတွေရော၊ မသုံးတဲ့သူတွေရော ဓာတ်ပုံပြိုင်ပွဲနဲ့ရင်းနှီးကျွမ်းဝင်လာပြီးတော့ ဓာတ်ပုံပညာ တိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ပြောသည်။

ကချင်ပြည်နယ် ဓာတ်ပုံအသင်းကို ဓာတ်ပုံဝါသနာရှင်ဦးရေ ၁၀၀ ဖြင့် လူထုအခြေပြု ဗဟိုစင်တာတွင် ၂၀၁၈ ခုနှစ် ဇွန်လိုင်လ ၂၂ ရက်နေ့က စတင်ဖွဲ့စည်းခဲ့ကာ ဦးဆောင်ကော်မတီလူကြီး ၁၆ ဦးက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်းနှင့် အသင်း နှစ်ပတ်လည်အဖြစ် လာမည့် ဇွန်လိုင်လ ၂၂ ရက်နေ့တွင် အမှုဆောင်များ သက်တမ်းကုန်ဆုံးပြီ ဖြစ်သဖြင့် ဦးဆောင်ကော်မတီ ပြန်လည် ဖွဲ့စည်းမည်ဖြစ်၍ ကချင်ပြည်နယ် အတွင်းရှိ ဓာတ်ပုံအသင်းဝင်များ အားလုံးနှင့် ဝါသနာရှင်များ သင်းလုံးကျွတ် အစည်းအဝေးတွင် လာရောက်ပါဝင်နိုင်ကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံအသင်းဝင်လိုသူများအနေဖြင့် တစ်ဦးလျှင် အသင်းဝင်ကြေး ၁၅၀၀၀ ကျပ်၊ လိုင်စင်ဓာတ်ပုံ ၂ ပုံနှင့် မှတ်ပုံတင်မိတ္တူ ပါရှိရမည်ဖြစ်ကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# ရေခဲချောင်းပုံးဖြင့် ထည့်သယ်လာသည့်ဘိန်းဖြူဆပ်ပြာခွက်များ ဖမ်းဆီး

ဇွန် ၄

**ရွှေ**ကူမြို့နယ်တွင် ရေခဲချောင်းပုံးဖြင့် ထည့်သယ်လာသော ဘိန်းဖြူဆပ်ပြာခွက် ၁၀၀ နီးပါးနှင့် ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဗန်းမော်ခရိုင် မူခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်ကျော်မျိုးနိုင်နှင့် ရွှေကူရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ ဇွန်လ ၂ ရက်နေ့က ရွှေကူမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုရှိ ဗန်းမော်-မန္တလေး ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ် ၁၉၅ အနီး တောလမ်းထိပ်မှ စောင့်ဆိုင်းနေစဉ် လေးထောင့်သံရေခဲချောင်းပုံးကို ဆိုင်ကယ်ပေါ်တင်၍ ရှမ်းပြည်နယ်၊ မဘိန်းမြို့နယ်ဘက်မှ မောင်းနှင်လာသူ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးကို တားဆီး စစ်ဆေးရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သံပြားဖြင့် ပြုလုပ်ထားသော လေးထောင့် ရေခဲချောင်းပုံးဖြင့် ထည့်သယ်လာသည့် ဘိန်းဖြူဆပ်ပြာခွက်စုစုပေါင်း ၉၈ ခွက်နှင့် လွယ်အိတ်ဖြင့် သယ်ဆောင်လာသည့် စိတ်ကြွဆေးပြားစုစုပေါင်း ၁၆၁၀၀ ပြားကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ မဘိန်းမြို့နယ်၊ ငအိုးကျေးရွာမှ အသက် ၄၀ အရွယ် အမျိုးသားကို ရွှေကူရဲစခန်းတွင် မူးယစ်ဥပဒေပုဒ်မ ၁၉ (က)ဖြင့် ရဲအုပ်ကျော်မျိုးနိုင်က တရားလိုပြုပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ■

မွန်းမွန်းပန်



# M▶vie view

### ယခုအပတ် ရော(မြစ်ကြီးနား) ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ




**နေ့လယ် ၁၂း၃၀၊ ညနေ ၃း၃၀နှင့်**

**ည ၇း၀၀ ပွဲချိန်တွင်**

**ညှို့သည်**

# ခွင့်ပြုရက်ထက် သက်တမ်းကျော်လွန်၍ နေထိုင်သော တရုတ်နိုင်ငံသား သုံးဦးကို ဝိုင်းမော်လဝက အရေးယူ

ဇွန် ၇

**ဝိုင်း**မော်မြို့တွင် လာရောက်လည်ပတ်သော တရုတ်နိုင်ငံသား သုံးဦးသည် ဗီဇာခွင့်ပြုရက်ထက် ကျော်လွန် နေထိုင်သောကြောင့် အပြန်လမ်းတွင် ဆဒ့်ုးစစ်ဆေးရေးဂိတ်မှ လဝကက ဇွန်လ ၅ ရက်နေ့တွင် အရေးယူလိုက်ကြောင်း သိရသည်။

ယင်း တရုတ်နိုင်ငံသားများသည် နေထိုင်ခွင့်ပြုရက်ထက် တစ်လကျော် လွန်သဖြင့် ဖမ်းဆီးအရေးယူရခြင်းဖြစ်ကြောင်း ဝိုင်းမော်မြို့နယ်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းက ပြောသည်။

အဆိုပါ တရုတ်နိုင်ငံသား သုံးဦးကို လဝက အက်ဥပဒေပုဒ်မ- ၄ (၁)အရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ယင်းဥပဒေကို ချိုးဖောက်သူသည် အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ဖြစ်စေ ငွေဒဏ် ၁၅၀၀ ကျပ် ဖြစ်စေ ဒဏ်နှစ်ရပ်လုံးကျခံရမည်ဟု ပြဋ္ဌာန်းထားပြီး အမည်မည်းစာရင်း သွင်းခံရခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်းတို့ကိုလည်း ခံရမည်ဖြစ်ကြောင်း ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး လတ်တလော ပြဋ္ဌာန်းချက်များ အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ဝိုင်းမော်မြို့နယ် လဝက အနေဖြင့် ဝိုင်းမော်မြို့နယ်အတွင်း နိုင်ငံခြားသားများ စည်းကမ်းနှင့်အညီ နေထိုင်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဦးစီးမှူးမှ ပြောသည်။


"ဥပဒေ ချိုးဖောက်တာကို တချို့က မသိလို့ ချိုးဖောက်တာ။ ဒါကြောင့်မို့ စည်းကမ်း လိုက်နာဖို့ ဝိုင်းမော်မြို့တွင်းမှာ အသိပေးဆိုင်းဘုတ်တွေ စိုက်ဖို့ ရှိတယ်"ဟု ၎င်းကပြောသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ လဝက အက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူထားသော တရုတ်နိုင်ငံသား ၅၂ ဦးနှင့် မြန်မာနိုင်ငံသား ၄ ဦး ပါဝင်ကြောင်း ဝိုင်းမော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ သိရသည်။ ■

Ah Je

# စာအုပ်စင်ကဏ္ဍာ

| နှင်းဆီဖြူ<br>(သိင်္ဂါရအရေးအသား) | |
|---|---|
| စာရေးသူ | = ကလောင်စုံ |
| ထုတ်ဝေသူ | = နှင်းဆီဖြူစာအုပ်တိုက် |
| တန်ဖိုး | = ၄၅၀၀ ကျပ် |





ညီထွန်းလင်း

**ယ**ခင်က စာအုပ်ပါးလေးတွေကို ဂျာနယ်စာအုပ်ဆိုဒ်လေးတွေထွက်ခဲ့တဲ့ နှင်းဆီဖြူဂျာနယ်ကို ယခုမဂ္ဂဇင်းစာအုပ်ဆိုဒ်နဲ့ ပြန်ထွက်လာတာ ဖြစ်ပါတယ်။ ခေတ်ပြိုင်အရေးအသား လက်ရာတွေကို ကဏ္ဍစုံ တင်ဆက်ထားပါတယ်။ တစ်လတစ်လ ပါဝင်တဲ့ ကလောင်တွေရဲ့ အရေးအသားတွေကိုတော့ Issue တစ်ခုပေးထားပြီး ကဏ္ဍစုံ တင်ဆက်ထားခြင်း ဖြစ်ပါတယ်။ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို့ ပါဝင်ပြီး သိင်္ဂါရအရေးအသား ဆိုတဲ့ Issue ကိုပဲ ဘက်စုံထောင့်စုံကနေ ရေးသားကြတာဖြစ်ပါတယ်။ သိင်္ဂါရအရေးအသားဆိုတာ ဘယ်လိုမျိုးလဲ ဆိုတာကို ဒီစာအုပ်မှာ ကျယ်ကျယ်ပြန့်ပြန့် တွေ့မြင်ရမှာ ဖြစ်ပါတယ်။

"တကယ်တော့ ပိုနိုဂရပ်ဖီဆိုတာ မော်ဒန်လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်နေပြီးသားပဲ။ ဒီအရာဟာ ကျွန်တော်တို့တွေ လက်တော့ပ်တွေ အိုင်ဖုန်းတွေသုံးသလိုပဲ။ ကျွန်တော်တို့ရဲ့ ပုဂ္ဂလိကဘဝနဲ့ လာပြီးမပတ်သက်ချင်တောင်မှ ပတ်သက်နေရတဲ့ အရာပဲ။ ကျွန်တော်တို့ရဲ့ဘဝထဲကို ပိုနိုဂရပ်ဖီတွေ ဝင်မလာအောင် သတိထား ကာကွယ်လို့ ရချင်ရနိုင်တယ်။ ဒါတောင်မှ ကီးဘုတ်ခလုတ် တစ်ချက် အနှိပ်မှားရင် search ဝေါဟာရ တစ်ခုခု နှိပ်သွားရင်တောင် နေ့စဉ်လူနေမှုဘဝထဲကို ရောက်နိုင်တယ်။ အနည်းဆုံးအနေနဲ့ လူသားရဲ့ အာရုံခံစားပုံမှာတောင် ပိုနိုဂရပ်ဖစ်အာရုံ ခံစားပုံက အနည်းနဲ့အများ လာရိုက်ခတ်တာပဲ။ ဥပမာ ရေကူးဝတ်စုံနဲ့ မိန်းမနှစ်ယောက် ညှို့အားအပြည့် ပွေ့ဖက်နေတဲ့ မော်ဒယ်နှစ်ယောက်ပုံလိုမျိုးပေ့ါ။ ဒါဟာ နေ့စဉ်ဘဝ ယဉ်ကျေးမှုရဲ့ ရှုထောင့်တိုင်းမှာ ပျံ့နှံ့နေတာ။

ပိုနိုဂရပ်ဖီဟာ ခေတ်ပြိုင်ယဉ်ကျေးမှုထဲမှာ ရှိနေတဲ့ ပေါ်ပြူလာယဉ်ကျေးမှု ပုံစံတစ်ရပ် အဖြစ်တောင်မှ သတ်မှတ်လာကြတယ် ဆိုရင် ကျွန်တော်တို့ရဲ့ အတွေ့ထဲ၊ ခံစားပုံထဲ၊ စိတ်လှုပ်ရှားပုံထဲ ဘယ်လောက် ရောက်နေပြီလဲဆိုတာ ဆန်းစစ်ကြည့်နိုင်တယ်။ သူတို့က လူသားရဲ့ တစ်သီးပုဂ္ဂလ ဖြစ်တည်မှုထဲမှာ။ လူသားရဲ့ ဆက်ဆံရေးပုံစံထဲမှာ ရောက်နေတာလို့ ဆိုတယ်။ ဥပမာ ခင်ဗျားရဲ့ ချစ်သူနဲ့ခင်ဗျား လိင်စိတ်နိုးကြားစေတဲ့စကားတွေ ပြောတဲ့အခါ၊ နောက်ဆုံးသူနဲ့ လိင်ဆက်ဆံတဲ့အခါ ပိုနိုဂရပ်ဖီက အခြေခံကျတဲ့ အခြင်းအရာ တစ်ရပ်ဖြစ်မှာ။(စာ - ၂၀ မှ) ■

| နှင်းဆီဖြူ<br>(ဝိဂတယုတ္တိ) | |
|---|---|
| စာရေးသူ | = ကလောင်စုံ |
| ထုတ်ဝေသူ | = နှင်းဆီဖြူစာအုပ်တိုက် |
| တန်ဖိုး | = ၄၅၀၀ ကျပ် |




ညီထွန်းလင်း

**တစ်**လခြား တစ်ကြိမ်ထုတ်တဲ့ နှင်းဆီဖြူမဂ္ဂဇင်းစာအုပ်က ဒီလအတွက်တော့ ဝိဂတယုတ္တိဆိုတဲ့ ခေါင်းစဉ်နဲ့ ထွက်လာတာဖြစ်ပါတယ်။ ဝိဂတယုတ္တိနဲ့ ပတ်သက်ပြီး ဒီစာအုပ်ထဲမှာ အကြောင်းအရာ ပုံသဏ္ဌာန်မျိုးစုံနဲ့ ရေးသားတင်ဆက်ထားကြပါတယ်။ ဆင်ခြင်ခြင်းရဲ့အလွန်မှာ အိပ်မက်ထဲ လမ်းထလျှောက်သလိုမျိုး၊ နိုးတစ်ဝက် အိပ်တစ်ဝက် စိတ်အခြေအနေမျိုးတွေမှာဖန်တီးတည်ဆောက်ထားတဲ့ အရေးအသားမျိုးဖြစ်တယ်။ အကျိုးသင့် အကြောင်းသင့် ညီညွတ်နေမှာမဟုတ်သလို အစစ်အမှန်တွေတောင် ပျောက်နေပြီး၊ စိတ်ကူးဆန်တယ်။ အိပ်မက်ဆန်တယ် စသဖြင့် ဝိဂတယုတ္တိနဲ့ပတ်သက်ပြီး အမှာစာမှာ ဖွင့်ဆိုရှင်းလင်းပြထားပါတယ်။

"ပြစ်မှု ကျူးလွန်သူဟာ စိတ်မူမမှန်ရင် သူ့ကို ပြစ်ဒဏ်ပေးလို့ မရနိုင်ဘူး။ (သူ သို့မဟုတ် သူမကို ဆေးကုရင်ကုပေ့ါ။) သူ့ရဲ့ သို့မဟုတ် သူမရဲ့ရည်ရွယ်ချက်နဲ့ လုပ်ရပ်တွေကိုလည်း ကျိုးကြောင်းဆင်ခြင်မှု ရှိရှိနဲ့ ထုတ်ယူဆင်ခြင်ပြလို့ မရနိုင်ဘူး။ ဘာကြောင့် မရသလဲဆိုရင် အဲဒီလုပ်ရပ်တွေ ရည်ရွယ်ချက်တွေဟာ ပင်ကိုယ်သဘောအရ ဆင်ခြင်တုံတရား ပျောက်နေလို့ပဲ။ အလားတူ လူ့အဖွဲ့အစည်းကို သို့မဟုတ် လူမှုအဆောက်အအုံကို ဝေဖန်ဆန်းစစ်မှုတိုင်းဟာ စုံထောက်ဝတ္ထု လက်ရာတစ်ခုထဲမှာ အကျိုးလို ညောင်ရေလောင်း ပတ်ထမ်းတွေ့ဆိုတာမျိုး ဖြစ်စေချင်တာနဲ့ပဲ ဖြစ်လာတတခြားစီ ကြုံရနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ သီးခြား လူတစ်ဦးချင်းစီထက် လူ့အဖွဲ့အစည်း သည်ပင်လျှင် ဖြစ်ပေါ်နေတဲ့ ပြဿနာရဲ့ လက်သည်ပဲလို့ မြင်သွားနိုင်တာကြောင့်ပဲ။

လူ့ အဖွဲ့အစည်းဟာ ပြဿနာရဲ့ လက်သည်ပါပဲလို့ မြင်သွားနိုင်တဲ့ အကျပ်ရိုက်မှုမျိုးကို မျက်မှောက်ခေတ် ဖမ်းမနစ်(ဣတ္ထိယဝါဒီ) စုံထောက်ဝတ္ထု (လျှို့ဝှက်သည်းဖို)တွေမှာ ကြီးကြီးမားမား တွေ့ရမယ်။ ဒီဖမ်းမနစ် လျှို့ဝှက်သည်းဖို ဝတ္ထုတွေမှာ ပြစ်မှုကျူးလွန်သူကို နောက်ဆုံးမှာ ပြစ်ဒဏ်မပေးနိုင်ဘဲ ရှိရင်းစွဲ အခြေအနေကိုတော့ ပြန်ရောက်အောင် လုပ်ပြတယ်။ အကြောင်းကတော့ ဒီရှိရင်းစွဲအခြေအနေသည်ပင်လျှင် မှုခင်း ဖြစ်ပေါ်မှုအတွက် စနက်မကင်းလို့ပဲ။ ဒါကြောင့် ဂန္တဝင်စုံထောက်ဝတ္ထုတွေမှာ မြုပ်ထားတဲ့အချက်က (ရှိရင်းစွဲကနေ) အပြောင်းအလဲ လုပ်မှာကို လက်မခံနိုင်တဲ့ နိုင်ငံရေးရည်ရွယ်ချက် ဖြစ်နေတယ်။ ဒီလက်ရာ အမျိုးအစားရဲ့ အိုင်ဒီယော်လော်ဂျီ ဆိုင်ရာ ပုံသဏ္ဌာန်ဟာ မပြောဘဲသိထားကြသော်လည်း မရှိမဖြစ် လိုအပ်တဲ့ အစိတ်အပိုင်းအဖြစ် အစဉ်အလာလျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုတွေမှာ ပါနေတတ်တယ်လို့ ဆိုကြတယ်။

ဒီရှုထောင့်ကြည့်ရင် The Purloined letter ဝတ္ထုတိုဟာ ပါဝါဆက်သွယ်ချက်တွေကို ပြန်လည်တည်ဆောက်တာ။ (စာ - ၁၀၂ မှ) ■

## ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဝိုင်းမော်မြို့နယ်တွင် ဒေသခံများနှင့် တာဝန်ရှိသူများ ပထမဆုံးအကြိမ် တွေ့ဆုံ



ဇွန် ၆

**က**မ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဝိုင်းမော်မြို့နယ်၊ မန်ဒေါင်ကျေးရွာအုပ်စုရှိ ဒေသခံ ပြည်သူများနှင့် ဌာနဆိုင်ရာများ ပထမဆုံးအကြိမ် တွေ့ဆုံကာ ကျေးရွာတွင်း လိုအပ်နေသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေး ဟောပြောပွဲကို လိုင်ငူယာန်ကျေးရွာ၊ နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းဝင်းတွင် ဇွန်လ ၅ ရက်က ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကျင်းပရခြင်းမှာ သဘာဝပတ်ဝန်းကျင်ကို မိမိအကျိုးအတွက်သာ ကြည့်၍ လုပ်ဆောင်ခြင်း မဟုတ်ဘဲ အများပြည်သူအကျိုးကိုကြည့်၍ လုပ်ဆောင်စေချင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းသည် တိုင်းနှင့် ပြည်နယ်၊ လူမျိုးကိုချစ်ခြင်း၊ မြတ်နိုးခြင်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကို ချစ်၍ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဂရုစိုက်ခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည့်အတွက်ကြောင့် ပြုလုပ်ရခြင်းဖြစ်သည်ဟု သိရသည်။

အခမ်းအနား၌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသခံ ပြည်သူများအနေဖြင့် သစ်ပင်၊ ဝါးပင်များကို မလိုအပ်ဘဲ မခုတ်ကြရန်၊ မသုံးစွဲကြရန်နှင့် သစ်ပင်၊ ဝါးပင်များ ပိုမိုစိုက်ပျိုးကြရန် အမှာစကား ပြောကြားခဲ့ပြီး မြစ်ကြီးနားခရိုင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူက ပတ်ဝန်းကျင်နှင့်ပတ်သက်သည့် သိရှိအပ်သည်များကို ရှင်းလင်းတင်ပြကာ တရားလွှတ်တော်ရှေ့နေ ဦးဂဲနက်စ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းကို ဥပဒေရှုထောင့်မှ သုံးသပ်အကြံပြု ပြောကြားခဲ့သည်။

ထို့အပြင် မြို့နယ်သစ်တောဦးစီးမှူးက သစ်တောများကို ကာကွယ်နည်းများ၊ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တောများနှင့် ပတ်သက်သည့် အချက်အလက်များကို ပြောကြားခဲ့ကာ ကချင်ပြည်နယ် မြေယာလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကွန်ရက်အဖွဲ့ (LSECNG) မှ ဦးဘရန်အောင်က သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အတွေ့အကြုံများကို အကြံပြု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဒေသခံပြည်သူများ၊ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက သစ်ပင်များ ပူးပေါင်း စိုက်ပျိုးခြင်းများပြုလုပ်ခြင်း၊ ဒေသခံများက ၎င်းတို့ကျေးရွာအတွင်း လက်ရှိ ရင်ဆိုင်နေရသော မြေယာ ပြဿနာ အခြေအနေများကို တင်ပြဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မန်ဒေါင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သော ဆင်နီးခူး၊ ဒွန်ဘန်၊ လိုင်ငူယာန်၊ မန်ဒေါင်၊ ဘမ်ဘင်၊ နူဒေကူး၊ မလိယာန်၊ ရှငေါ်၊ ချမ်းကြူ၊ ခဝမ်၊ ဇွပ်ရာနှင့် မဂရမ်းယန်ကျေးရွာရှိ ဒေသခံပြည်သူ ၃၅၁ ဦးနှင့် သက်ဆိုင်ရာ အစိုးရဌာနမှ တာဝန်ရှိသူများနှင့် ဒေသအကျိုးပြုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ၄၇ ဦးတို့ တက်ရောက် ပါဝင်ခဲ့ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# နေပြည်တော်တွင် ပြုလုပ်သည့် စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတွင် တစ်သျှူးငှက်ပျောများကြောင့် လူမှုဝန်းကျင် ထိခိုက်နေမှုများကို ဆန်းစစ်ရန် အကြံပြု




ဇွန် ၄

**က**ချင်ပြည်နယ် မြေယာလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကွန်ရက်အဖွဲ့ (LSECNG) နှင့် Oxfam in Myanmar အဖွဲ့အစည်းတို့၏ အစီအစဉ်ဖြင့် နေပြည်တော်ရှိ MAX ဟိုတယ်တွင် မြန်မာနိုင်ငံ စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများနှင့် ဒေသတွင်း အစားအစာ အုပ်စိုးစီမံမှု အပေါ် အကျိုးသက်ရောက်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သော ဥပဒေမူဘောင်များ ပြောင်းလဲဖြစ်ပေါ်နေမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာရေးအတွက် ဥပဒေမူဘောင်များ၏ အခန်းကဏ္ဍကို ပိုမိုနားလည်နိုင်စေရန်၊ အချို့သော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများနှင့် စိုက်ပျိုးရေး နည်းစနစ်များမှ ဒေသခံပြည်သူများ၏ အစားအစာလုံခြုံမှု အုပ်စိုးစီမံနိုင်မှုများအပေါ် သက်ရောက်မှုကို အမြင်ဖွင့် ဆွေးနွေးနိုင်ရန်နှင့် စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများတွင် အခန်းကဏ္ဍ အသီးသီး၊ အဖွဲ့အစည်းအသီးသီးတွင် ပါဝင်ကြသော အကျိုးသက်ဆိုင်သူများ အချင်းချင်း မြန်မာနိုင်ငံ၏ အနေအထားပေါ်မူတည်၍ အပြန်အလှန်ဆွေးနွေးမှုများရရှိပြီး လုပ်ကွက်ငယ်လယ်သမားတို့၏ အစားအစာအုပ်စိုးစီမံမှုကို ဦးစားပေးသော တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုကို ရောက်ရှိနိုင်သော နည်းလမ်းများကို ရှာဖွေနိုင်စေရန်ဆိုသည့် ရလဒ်များကို ရရှိရန် ရည်ရွယ်လုပ်ဆောင်ကြောင်း သိရသည်။

ထို့အပြင် ကချင်ပြည်နယ်၏ စိုက်ပျိုးရေးလုပ်ငန်းကို ရေရှည်တည်တံ့စွာထိန်းသိမ်းနိုင်ရန်အတွက် တစ်သျှူးငှက်ပျော စိုက်ခင်းများ ရင်းနှီးမြှုပ်နှံမှု မလုပ်ဆောင်မီ ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ပေါ်လာရေးသို့ ဦးတည်သော လုပ်ငန်းစဉ်များကို ထည့်သွင်းစဉ်းစား လုပ်ဆောင်ခြင်း၊ ရေရှည်တည်တံ့ပြီး အများ ပူးပေါင်းပါဝင်နိုင်သော စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ပေါ်လာရန် ရင်းနှီးမြှုပ်နှံမှုများ လက်ခံခြင်းမပြုမီ သေချာစွာ စိစစ်လုပ်ဆောင်သော လုပ်ထုံးလုပ်နည်းတို့ကို စီမံပေးခြင်း၊ ဒေသခံပြည်သူများ၏ လယ်ယာမြေ၊ သစ်တောမြေ၊ စစ်ဘေးရှောင်ပြည်သူများ၏ မြေယာများနှင့် ဓလေ့ထုံးတမ်းမြေယာ အသုံးချမှုတို့ကို အကာအကွယ်ပေးသော လုပ်ငန်းစဉ်များ ကျင့်သုံးရန် (LSECNG)အဖွဲ့မှ တောင်းဆိုခဲ့သည်။

တစ်သျှူးငှက်ပျော စိုက်ခင်းများ၏ အမျိုးမျိုးသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများအရ ထပ်မံဝင်ရောက်လာသော တစ်သျှူးငှက်ပျော စိုက်ခင်းများကို တားမြစ်ပေးရန်နှင့် ပြည်နယ်အဆင့် သို့မဟုတ် ပြည်ထောင်စုအဆင့် အစိုးရမှ တစ်သျှူးငှက်ပျော စိုက်ခင်းအသစ်များ ဝင်ရောက်မှုကို တားမြစ်ကြောင်း လမ်းညွှန်ချက်၊ ညွှန်ကြားချက်များဖြင့် အများပြည်သူ သိရှိစေရန် ပွင့်လင်းမြင်သာသော နည်းလမ်းများ အသုံးပြု၍ ထုတ်ပြန်ပေးရန်လည်း တောင်းဆိုခဲ့သည်။

ထိုလမ်းညွှန်မှုအရ စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သော ဦးစီးဌာနအသီးသီးမှ ဥပဒေအရ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ ဖော်ထုတ်၍ တစ်သျှူးငှက်ပျော စိုက်ခင်းကြီးများ စိုက်ပျိုးမှုကို တားမြစ်သင့်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များ ခွင့်မပြုခြင်း၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ တစ်သျှူးငှက်ပျော စိုက်ခင်းကြီးများ လုပ်ဆောင်မှုကို တားမြစ်ခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကော်မတီမှ တစ်သျှူးငှက်ပျော စိုက်ခင်းကြီးများ စိုက်ပျိုးသူတို့ကို VFV Permit ထုတ်ပေးခြင်း မပြုခြင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ တစ်သျှူးငှက်ပျော စိုက်ပျိုးရင်းနှီးမြှုပ်နှံမှုတစ်ခုလုံး၏ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှုထောင့်မှ ဆန်းစစ်၍ တားမြစ်ခြင်း ပြုလုပ်ပေးရန် ထပ်မံ တောင်းဆိုခဲ့ကြသည်။

အသစ်ထပ်မံ ဝင်လာသော ငှက်ပျောစိုက်ခင်းများကို လက်ခံစိုက်ပျိုးခွင့်မပြုဘဲ လက်ရှိ စိုက်ပျိုးလုပ်ကိုင်နေသော တစ်သျှူးငှက်ပျော စိုက်ခင်းများကို အမျိုးမျိုးသောပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များ ပြုလုပ်ပြီး အရေးယူကိုင်တွယ်ဖြေရှင်းမှုများ ဦးစွာပြုလုပ်ပေးရန် အကြံပြု တောင်းဆိုခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက တစ်သျှူးငှက်ပျောနှင့် ပတ်သက်သည့် အကြောင်းအရာများကို လွှတ်တော်အတွင်း ဆွေးနွေးတင်ပြမှု အခြေအနေကို ရှင်းပြခြင်း၊ ချင်းမိုင်တက္ကသိုလ် သုတေသနပညာရှင်မှ ကချင်ပြည်နယ်အတွင်းရှိတစ်သျှူးငှက်ပျော စိုက်ခင်းနှင့် ပတ်သက်၍ သုတေသန ပြုလုပ်ချက်များကို ရှင်းပြခြင်း၊ သက်ဆိုင်ရာပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာများက မြေယာစီမံမှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အချက်များကို ဆွေးနွေးတင်ပြခြင်းနှင့် NGO၊ INGO၊ CSO အဖွဲ့မှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် မြေယာလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းကွန်ရက် အဖွဲ့ (LSECNG)နှင့် Oxfam in Myanmar (အောက်စ်ဖန်-မြန်မာ) အဖွဲ့အစည်းရှိ တာဝန်ရှိသူများက တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# အထက်တန်းကျောင်းအဆင့် တိုးမြှင့်လိုက်ခြင်းကြောင့်

## ဒေသခံကျောင်းသားများ ပညာရေးကောင်းမွန်လာရန် မျှော်လင့်




ဇွန်၆

**ဝိုင်း**မော်မြို့နယ်၊ အောင်မြေ(၁)ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်လိုက်သောကြောင့် ဒေသခံကျောင်းသူ၊ ကျောင်းသားများ၏ ပညာရေးပိုမိုကောင်းမွန်လာနိုင်ကြောင်း ဒေသခံများက ပြောသည်။

ယခင်က ဒေသခံကျောင်းသူ၊ ကျောင်းသားများသည် အထက်တန်းအဆင့် ပညာရေးကို မြို့ပေါ်အထက်တန်းကျောင်းများတွင် သွားရောက် သင်ယူကြရသော်လည်း ယခုကဲ့သို့ ကျောင်းအဆင့်တိုး ဖွင့်လှစ်လိုက်ခြင်းကြောင့် နယ်ဝေးသို့ သွားရောက် သင်ယူရန် မလိုတော့ကြောင်း ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးလဘန်လရော်က ပြောသည်။

ယခင်က ရွာတွင် အထက်တန်းကျောင်းမရှိသောကြောင့် မြို့ပေါ်ကျောင်းများသို့ သွားတက်ကြရသည့်အခါ ငွေကြေးနှင့် အခြားအခက်အခဲများ ရင်ဆိုင်ခဲ့ကြရသဖြင့် အတန်းပညာကို ဆုံးခန်းတိုင်အောင် မတက်ရောက်နိုင်သူ များပြားခဲ့ရသည်ဟုလည်း ကျောင်းကော်မတီဥက္ကဋ္ဌက ပြောသည်။

“ဆယ်တန်းက ဆယ်သိန်း သိန်းနှစ်ဆယ်လောက်ဆို မတတ်နိုင်ကြဘူး။ အဲ့လိုမထားနိုင်ကြတော့ ဆယ်တန်းအောင်တဲ့ ကလေးတွေလည်း နည်းလာတယ်။ ဒီလို အထက်တန်းကျောင်း ရတဲ့အတွက် အထက်တန်းအောင်ပြီး ပညာတတ်တွေ အများကြီး ထွက်ပေါ်လာဖို့ မျှော်လင့်ပါတယ်”ဟု ၎င်းက ပြောသည်။

အောင်မြေ(၁) ကျေးရွာ အထက်တန်းကျောင်းတွင် ကျောင်းသား စုစုပေါင်း ၁၀၁၅ ဦး ဆရာ၊ ဆရာမ ၃၁ ဦး တို့ဖြင့် သင်ကြားနေပြီး ကျောင်းအဆင့် တိုးမြှင့်လိုက်သောကြောင့် ကျောင်းသုံး ပရိဘောဂ ပစ္စည်းများ လိုအပ်နေသေးကြောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်သူဇာငယ်က ပြောသည်။

၂၀၁၉-၂၀ ပညာသင်နှစ်တွင် ကချင်ပြည်နယ်အတွင်း အဆင့်တိုးမြှင့် ဖွင့်လှစ်လိုက်သော ကျောင်းပေါင်း ၁၂၀ ရှိပြီး လိုအပ်သည့် ဆရာ/ဆရာမ အင်အားကိုလည်း ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

အဆင့် တိုးမြှင့်သော ကျောင်းများတွင် မြစ်ကြီးနားခရိုင်မှ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ချီဖွေ၊ ဆော့လော်နှင့် အင်ဂျန်းယန်ရှိ ကျောင်းများ၊ မိုးညှင်းခရိုင်မှ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့် တို့ရှိ ကျောင်းများ၊ ဗန်းမော်ခရိုင်မှ ဗန်းမော်၊ မိုးမောက်၊ မန်စီနှင့် ရွှေကူ တို့ဖြစ်ပြီး ပူတာအိုခရိုင်မှ ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ခေါင်လန်ဖူးနှင့် ဆွမ်ပရာဘွမ်မြို့နယ်များ အတွင်းရှိ ကျောင်းများ ပါဝင်ကြောင်း သိရသည်။ ■

Ann

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇွန် ၁၀ ၊ ၂၀၁၉ )

# စစ်ဘေးရှောင် ၈ နှစ်ပြည့် ပြည်သူ့အသံ

၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲထားတဲ့ ကေအိုင်အေနဲ့ မြန်မာ့တပ်မတော်တို့ ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့က တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားခဲ့ရာကနေ ကချင်ပြည်နယ်အရပ်ဒေသအနှံ့အပြားမှာ ပျံ့နှံ့လာတဲ့တိုက်ပွဲတွေကြောင့် မိမိတို့တစ်သက်တာနေထိုင်ခဲ့ကြတဲ့ အိမ်တွေ၊ ယာတွေ၊ ကျွဲနွားတိရစ္ဆာန်နဲ့ ပိုင်ဆိုင်မှုတွေကို စွန့်ပစ်ထွက်ပြေးခဲ့ရတာ အခုဆို ၈ နှစ် တင်းတင်းပြည့်ခဲ့ပါပြီ။ နေရပ်တွေကို စွန့်ခွာပြီး ဆယ်ပေပတ်လည် အခန်းကျဉ်းတွေမှာ နှစ်ပေါင်းများစွာ နေထိုင်နေရတဲ့ သူတို့တတွေရဲ့ ရင်ထဲက စကားသံတချို့ကို စာနာနားထောင်ကြည့်ရအောင်ပါ။


ဒေါ်ဆာရာ

အသက် (၅၁)
လီဆူစစ်ရှောင်စခန်း (၁) (လွယ်ဂျယ်)

အခက်အခဲကတော့ ပြောမနေပါနဲ့တော့ စဖြစ်ဖြစ်ချင်းဆိုရင် ဘာမှမရလိုက်ဘူး။ ရတနာပစ္စည်းနည်းနည်းလည်း ပြန်သွားယူလို့မရဘူး။ အိမ်မွေးတိရစ္ဆာန်တွေ ဘာမှ မရှိတော့ဘူး။ မျက်ရည်နဲ့ ထမင်းနဲ့ ရောပြီးစားနေရတယ်။ အရမ်းကြာနေပြီ။ ကျွန်မတို့ရွာက တစ်ဖက်က ကေအိုင်အေစစ်တပ် တစ်ဖက်က မြန်မာစစ်တပ်ဆိုတော့ အလယ်မှာဖြစ်နေတယ်။ အဲ့ဒါကို ရှင်းပေး၊ ရွာကို ဆေးရုံဆောက်ပေးမယ်၊ ကျောင်းဆောက်ပေးမယ်၊ အိမ်တွေ ပြန်လုပ်ပေးမယ်၊ ရှင်းရှင်းလင်းလင်းဖြစ်သွားရင်တော့ ကျွန်မတို့က ပြန်ချင်ပါတယ်။ အခုက ဘယ်ဘက်ကမှ ပြန်လို့မပြောသေးဘူး။ သူတို့ကလည်း မိုင်းတွေ ထောင်ထားကြတာကိုး. . .။ အခုက အရမ်းကြာပြီဆိုတော့ ခြံတွေဘာတွေလည်း ဘယ်လိုဖြစ်သွားပြီလဲတောင် မသိတော့ဘူး အရမ်းပြန်ချင်တာပဲ့. . . .။ ဆုံးရှုံးသွားတာတွေ အများကြီးဖြစ်သွားပြီ။ ပစ်ထားရတာ. . . ကျွဲနွားတွေတောင် အကုန် အရိုင်းဖြစ်ကုန်ပြီ။ ပြန်တွေးကြည့်ရင် အရမ်းငိုချင်တယ်။


ဒေါ်ဆွမ်လွတ်ခေါ်နန်

အသက် (၃၂)
ဆိုင်းဂျာစစ်ရှောင်စခန်း( လွယ်ဂျယ်)

စစ်ဖြစ်တာ (၈)နှစ်ပြည့်တော့မယ်။ မြန်မာဘက်ကရော ကေအိုင်အေ ဘက်ကရော နှစ်ဖက်လုံး လက်နက်ချမှ နေရပ်ပြန်ဖို့ စာရင်းထည့်မယ်။ ဘာလို့ဆို အခု ရွာမှာလည်း မိုင်းတွေထောင်ထားတယ်။ ဒါတွေအကုန် ရှင်းလင်းပေး၊ စာသင်ကျောင်းတွေအကုန် ပြန်ဆောက်ပေး၊ ကျန်းမာရေး ဆေးခန်းတွေ အကုန်ပြန်ဆောက်ပေးမှ ပြန်နိုင်မယ်။ နေရပ်ပြန်နိုင်ပြီဆိုရင်တော့ ပြန်ချင်တယ်။ ဒါပေမဲ့ အခုထိ နိုင်ငံရေးက ဘယ်လိုလာမယ် မသိသေးတော့ မပြန်နိုင်သေးဘူး။ နှစ်ဦးနှစ်ဖက် စိတ်ညီလက်ညီနဲ့ လက်နက်ချဖို့ပေ့ါ။ ပစ်ခတ်တာတွေ မရှိအောင်ပေ့ါ။ ကျွန်မတို့လည်း နေရပ်အရမ်းပြန်ချင်နေပါပြီ။ လက်နက်ချပြီလို့ ပြောပေမယ့် ပြန်ပစ်ခတ်တာတွေ ဖြစ်တော့ ကျွန်မတို့လည်း ဘယ်သူမှ မပြန်ရဲဘူး။ ပြန်ပြီး စစ်ပြန်ဖြစ်လာရင်လည်း ကြောက်တယ်။ နေရပ်ပြန်ဖို့ စိုးရိမ်စိတ် ရှိနေသေးတယ်။


ဒေါ်ဂွန်ထန်ထုဆန်

အသက်(၆၃)

ကွမ်ပီရွာ၊ ပါကထောင် စစ်ရှောင်စခန်း(မိုင်ဂျာယန်)
ကျွန်မတို့ ရွာက ကားလမ်းကနေလည်း နည်းနည်းဝေးတယ်။ တောဘက်ကျတော့ ရွာပြန်ဖို့ မရဲဘူး။ ကားလမ်းတစ်လျှောက်လည်း စစ်တပ်တွေရှိတယ်။ ၂၀၁၁ နိုဝင်ဘာကနေ စပြေးလာပြီ။ ဒီမှာက စားဝတ်နေရေး တကယ်ခက်ခဲတယ်။ ဒါပေမဲ့ ရွာပြန်လို့ မရသေးဘူး။ ရွာပြန်လည်း ဟင်းသီးဟင်းရွက်ရှာစားလို့မရဘူး။ တောထဲသွားလို့ စစ်ကြောင်းနဲ့ မိပြီး ဖမ်းခံရတယ်။ နှိပ်စက်ခံရမှာ စိုးတယ်။ အဲ့တော့ ဒီမှာ အရမ်းမနေချင်လည်း နေနေရတယ်။ အိမ်ပြန်နိုင်အောင် အရမ်းတောင်းဆိုချင်တယ်။ တကယ်လို့ ဒီမှာပဲ နေနေရင်လည်း နှစ်တွေအများကြီးကြာလာပြီဆိုရင် မျိုးဆက်တွေအတွက် လုပ်ကိုင်စားသောက်ဖို့ တအားခက်ခဲလာမယ်။ အခုအခြေအနေက နိုင်ငံတကာအဖွဲ့အစည်းတွေက ထောက်ပံ့တာကိုပဲ အားကိုးနေရတယ်။ တကယ်လို့ နေရပ်ပြန်ပြီး သွားလုပ်ကိုင်စားသောက်ကြတော့ ဆိုတဲ့အချိန်ကျရင် ကျွန်မတို့ သားသမီးတွေက အသက် ၄၀၊၅၀ လောက် ရှိသွားတော့မယ်။ အဲ့တော့ လုပ်ကိုင်စားသောက်ဖို့ ခက်ခဲသွားမယ်။ ကိုယ့်အိမ်မှာက အခင်းတွေ အကုန်ပြန်ပြင်ပြီး လုပ်ကိုင်ရမယ်။ အခုအချိန်ဆိုရင်တော့ မီသေးတယ်လေ။ အခုက ဘာမှ မရခဲ့ဘူး။ အကုန်ထားခဲ့ကြရတာ။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ ဆင်းပြေးခဲ့ရတာ။ အခု (၈)နှစ်ပြည့်တော့မယ် ဆိုတော့ အရမ်းကို ကြာသွားပြီ။ ဒီက ပြန်နိုင်မယ်ဆိုရင်တော့ မသေခင်လေးတော့ အိမ်မှာ ပြန်လုပ်ကိုင်စားသောက်နိုင်ဖို့တော့ အရမ်းမျှော်လင့်ပါတယ်။ အခုပြန်တယ်ဆိုရင် ဒီက လူကြီးတွေက ပြန်ကြတော့ဆိုတဲ့ အချိန် ဂုဏ်သိက္ခာရှိရှိနဲ့ ပြန်ချင်တယ်။


ဒေါ်မရန်ဘောက်

အသက် ၇၀
ပါကထောင်စစ်ရှောင်စခန်း(မိုင်ဂျာယန်)

ဗန်းမော်လမ်း စိန်လုံဘက်ကပါ။ ၂၀၁၁ခုနှစ်မှာ ဒီကိုရောက်တာပါ။ ၈နှစ်ရှိပါပြီ။ အိမ်သားတွေက ၈ယောက်ရှိပါတယ်။ ပြန်လာဖို့က ခွင့်မပေးဘူး။ ကျွန်မတို့ပြည်သူတွေက ပြန်ပြီး ပစ်ခတ်လာရင် ဘယ်ကိုပြန်ပြေးရမယ် ဆိုတာကိုက ခက်နေတာ။ တကယ်လို့ ကျွန်မတို့က ရွာကိုပြန်သွားပြီး တစ်ခုခုဖြစ်ရင်တော့လည်း တာဝန်မယူဘူးလို့ ပြောပါတယ်။ ပြန်တော့ ပြန်ချင်ပါတယ်။ အရင်ကအတိုင်းပဲ ရွာမှာနေချင်တယ်။ အလုပ်လုပ်စားချင်တယ်။ ဒါပေမဲ့ အရမ်းကြီးလည်း လုပ်စားလို့မရဘူး။ ဟင်းသီးဟင်းရွက်တွေအတွက် စိုက်ခင်း နည်းနည်းပါးပါး သွားလုပ်တာတောင် သတင်းကို နားစွင့်ပြီး သွားရတယ်။ ပဲစိုက်ခင်းလုပ်ကြတယ်။ တောင်ယာခင်းခုတ်တဲ့အခါ ငရုတ်သီးတို့၊ ပိန်းဥတို့၊ မုန်ညှင်းတို့ အဲ့သလို စိုက်စားကြတယ်။ အဲဒါတွေစိုက်ပျိုးပြီး ရောင်းစားကြတယ်။ ပျော်ပျော်ရွှင်ရွှင်ပဲ အိမ်ကိုပြန်ချင်ပါတယ်လို့ တောင်းဆိုချင်ပါတယ်။ အရင်ကအတိုင်းပဲ နေချင်ပါတယ်။ ပြန်လို့ရပြီဆိုရင် ဝမ်းသားအားရနဲ့ ပြန်မှာပါ။


ဦးဆော်ယော်

လော်မူရွာ
ဆိုင်းဂျာ ကေဘီစီစစ်ရှောင်စခန်း(လွယ်ဂျယ်)

၂၀၁၁ခုနှစ်ကနေ စထွက်ပြေးလာတာ ကြာလည်း ကြာနေပြီဆိုတော့ မြန်မြန်ငြိမ်းချမ်းရေးရမှာကို လိုလားတယ်။ နေရပ်ပြန်ဖို့အရေးလည်း ဘာမှ မကြားရသေးဘူး။ အိမ်ပြန်လို့ရပြီဆိုရင်တော့ ပြန်မှာ။ ကျွန်တော်တို့က ပြန်မယ်ဆိုရင် အိမ်တွေလည်း အကုန်ပျက်စီးသွားပြီဆိုတော့ နေဖို့အိမ်တွေလည်း ပြန်လုပ်ရတော့မယ်။ ကြမ်းခင်းတွေကအစ အကုန်ပျက်စီးကုန်ပြီ။ အခုရွာပြန်မယ်ဆိုရင်လည်း စစ်ပြန်ဖြစ်လာမှာလည်း စိုးရိမ်ရတယ်။ လက်နက်ကိုင်တပ်ဖွဲ့ နှစ်ဖွဲ့လုံးက ကျွန်တော်တို့ ရွာသူရွာသားတွေရဲ့ လုံခြုံရေးကို တာဝန်ယူပေးပြီး ကျွန်တော်တို့လည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြန်လာနေချင်ပါပြီ။


ဦးမရစ်(ပ်)တန်ဂွန်း

စိန်လုံကျေးရွာ
ပါကထောင်စစ်ရှောင်စခန်း(မိုင်ဂျာယန်)

၂၀၁၁ခုနှစ်မှာ ရောက်ခဲ့ပါတယ်။ အစိုးရကလည်း ပြန်လာလို့ရတယ်ပြောပေမယ့် ဘာမှ အာမခံမပေးဘူး။ တိုက်ပွဲပြန်ဖြစ်မယ်၊ မဖြစ်ဘူးဆိုတာ မပြောတတ်ဘူးလို့ ပြောတယ်။ ရွာကိုပြန်ချင်တယ်။ အခြေအနေက မကောင်းဘူး ဖြစ်နေတော့ အဆင်မပြေဖြစ်နေတာ။ ၇နှစ်၊ ၈နှစ်ဆိုတော့ အိမ်တွေလည်း ပျက်စီးနေပြီ။ တချို့သူတွေရဲ့အိမ်က ရှိတောင် မရှိတော့ဘူး။ အဲဒါကြောင့် ကျွန်တော်တို့လည်း နိုင်ငံရေး အေးချမ်းတဲ့အချိန် စောင့်နေတာ။ ငြိမ်းချမ်းမယ့်အချိန်လည်း ရောက်လာမယ် မထင်သလို ဖြစ်နေတယ်။ အစိုးရနဲ့ ကေအိုင်အေနှစ်ဖက်လုံး ပြေလည်ခိုင်းစေချင်တယ်။ သူတို့ပြေလည်တယ်ဆိုရင်တော့ ကျွန်တော်တို့လည်း အိမ်ပြန်လို့ရမယ်။ အဲ့ဒီအချိန်ကျရင် ကျွန်တော်တို့ပြည်သူတွေ မော်တော်ကားနဲ့၊ ခြေကျင်နဲ့ဖြစ်ဖြစ် အိမ်ပြန်မယ်။


ဒေါ်သောမာဆာရ်း

အသက်(၃၄)နှစ်
ခရုမူဒန်ရွာ
လီဆူစစ်ရှောင်စခန်း(၂) လွယ်ဂျယ်

ပြေးလာရတာ အရမ်းကြာနေပေမယ့် စစ်တပ်နှစ်ဖက်လုံး ရှိနေတော့ ပြန်လို့မရနေဘူး။ ကျွန်မတို့ထင်တာက ဟိုမှာတော့ ပြန်လို့မရနိုင်တော့ဘူးလို့ ထင်တယ်။ ကူညီထောက်ပံ့နိုင်တဲ့ အဖွဲ့အစည်းကနေ နေရာချပေးနိုင်ရင် ကောင်းမယ်။ အခုလို အခြေအနေကတော့ ပြန်လို့မရဘူး။ ပြန်လို့ရမယ်ဆိုရင်တော့ ပြန်မှာပေ့ါ။ ဒီမှာက မွေးမြူရေးတွေ လုပ်လို့မရဘူး။ ဟိုမှာက လုပ်ကိုင်စား သောက်လို့ရတယ်။ ကျွန်မတို့က ရွာကိုလည်း အရမ်းတော့ပြန်ချင်တယ်။ ပြန်လို့ရမယ်လို့တောင် မမျှော်လင့်တော့ဘူး။ ရွာကိုက တစ်ယောက်ပြန် တစ်ယောက်သေပဲ။ ဒီကို ပြန်မရောက်လာတော့ဘူး။

Salai/ Ann




ဆွေမြင့်စော ရေးသားသည်

**စာဖတ်တာ အပြစ်မဟုတ်ပါ**

ပြီးခဲ့တဲ့တစ်ပတ်က ကျူရှင်ဆရာ တစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြတော့ ထွေရာလေးပါး ပြောရင်းကနေ စာအုပ်တွေအကြောင်း ရောက်သွားတယ်။

"နင်တို့ အလုပ်လုပ်မှာလား၊ ဒီစာအုပ်တွေပဲ ဖတ်နေတော့မှာလား။ အလကား အားအားယားယား စာအုပ်ပဲဖတ်နေတယ် 'ငပျင်း'လို့ ကျွန်တော့်အမေက ပြောခဲ့ဖူးတယ်။ မိဘတွေက စာအုပ်ဖတ်တာ အားမပေးဘူး"တဲ့။

သူက ရင်ဖွင့်တယ်။

×××××

ကျွန်တော်တို့ ဝန်းကျင်မှာ စာဖတ်တာကို အားမပေးတဲ့အပြင် လူပျင်းတွေရဲ့ အလုပ်လို့ ယူဆနေကြတဲ့ အတွေးအခေါ် အဟောင်းကြီးနဲ့လူတွေ ရှိနေကြပါသေးတယ်။ ဒါဟာ ဝမ်းနည်းကြေကွဲစရာပါပဲ။

ကလေး တစ်ယောက်ကာတွန်းစာအုပ် ဖတ်နေတာတွေ့ရင် ကျောင်းစာပဲလုပ်၊ စာဖတ်တာ နင့်အလုပ်မဟုတ်ဘူး ပြောဆိုတာမျိုးဟာ မဖြစ်သင့်ပါဘူး။ စီးမယ့်ရေကို ပတ်သလိုမျိုး။ ကလေးတစ်ယောက်ရဲ့လင်းပွင့်လာမယ့် အသိဉာဏ်ကို အမှောင် ချလိုက်တာပါပဲ။ မိဘတွေအနေနဲ့ ကလေးတွေနဲ့စာအုပ်တွေကို နီးစပ်နေအောင် ဖန်တီးပေးတာမျိုး လုပ်ပေးစေချင်တာပါ။

**စာအုပ် အရင်းအနှီး**

တချို့ လူကြီးမိဘတွေရဲ့ မထင်မှတ်ဘဲ ပြုမူတတ်တဲ့ အလွဲတချို့ ရှိပါတယ်။ အဲ့ဒါကတော့ ကလေးတွေ စာအုပ်ဖတ်ရင်း စာအုပ်ပြဲသွားရင် ကလေးကို ဆူဆဲမာန်မဲတတ်ကြပါတယ်။ ကလေးနဲ့ စာအုပ်နှိုင်းယှဉ်ပြီး စာအုပ်က နင့်ထက် တန်ဖိုးရှိတယ်။ နောက်တစ်ခါပြဲရင် ရိုက်ပစ်မယ် နှက်ပစ်မယ် ဆိုတာမျိုး။

အဲ့ဒီလို မပြောဆိုဘဲ အသာတကြည် ဆိုဆုံးမလည်း ရပါတယ်။ စည်းကမ်းတကျ ကိုင်စွဲတတ်အောင် ပြသပြောဆိုတာမျိုး ဖြစ်သင့်ပါတယ်။ ကိုယ်က အပြောအဆို ခက်ထန်သွားတော့ ကလေးတွေ စာအုပ်ဖတ်ချင်၊ စာအုပ်ကိုင်ချင်စိတ်တွေ ပျောက်သွားမှာ စိုးရပါတယ်။ ဒီတော့ ကလေးတွေရဲ့ စာဖတ်ချင်စိတ်ကို သေမသွားအောင် ပြုစုပျိုးထောင်ပေးစေချင်တာ ပါပဲ။

ကျွန်တော်တို့တွေဟာ ကိုယ့်သားသမီးကို ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ ဖြစ်စေချင်ကြတယ်။ ကိုယ့်ကလေး ပညာရေး မျှော်လင့်ချက်တွေ အတွက် ငွေကြေးတွေ အများကြီး စိုက်ထုတ် သင်ကြားပေးကြတယ်။ နာမည်ကြီး ကျောင်းတွေ၊ နာမည်ကြီး ကျူရှင်တွေမှာ အပ်ကြတယ်။ ကိုယ့်သားသမီးရဲ့ ပညာရေး ရင်းနှီးမြှုပ်နှံမှုအတွက်ဆိုတော့ ဘယ်လောက်ပင်ပန်းပင်ပန်း ကြိုးစားပေးကြတာပဲ။

ကလေးတွေကြောင့် စာအုပ်တွေ စုတ်ပြဲတဲ့အခါ ဘာလို့ စိတ်သဘောကြီးနဲ့ မခွင့်လွှတ်နိုင်ရမှာလဲ။ ဒါဟာ သူတို့ကျောင်းပဲ။ ဒါဟာလည်း နှလုံးသား ကျောင်းတော်ကြီး၊ နှလုံးသားစာသင်ခန်း၊ နှလုံးသား စာဖတ်ခန်းပါပဲ။ ဒီလို သဘောထားပြီး စာအုပ်တွေ ပေးဖတ်လိုက်စမ်းပါ။ ဒါဟာ သူတို့ဘဝအတွက် ပညာရေး ရင်းနှီးမြှုပ်နှံမှုကြီးလို့ သဘောထားနိုင်ကြစမ်းပါ။ ဒီလို ဖြစ်စေချင်မိတာပါပဲ။

**စာဖတ်ရှိန် မြှင့်တင်ရေး**

အခြေခံပညာ ဦးစီးဌာနရဲ့ သင်ရိုးသစ်စသင်ချိန် အချိန်ဇယားထဲမှာ "စာဖတ်ချိန် မြှင့်တင်ရေး"လုပ်ငန်း ဆိုတာ ပါတော့ ကျေနပ်မိတယ်။

ကျောင်းသား လူငယ်တွေအတွက် စာဖတ်ချိန်တွေ ထည့်သွင်းရေးဆွဲထားတာဟာ ကောင်းတဲ့ လက္ခဏာပါပဲ။ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်တဲ့အခါမှာ ဝတ်ကျေတန်းကျေ လုပ်ပြတာမျိုး၊ ခေတ်ပုံနိုင်ငံရေးတွေ လုပ်သလို ခေတ်ပုံပညာရေး မဖြစ်ဖို့တော့ လိုပါတယ်။ ဆရာ၊ ဆရာမတွေကလည်း စာဖတ်မယ်။ တပည့်တွေကလည်း စာဖတ်မယ်။ ဝတ္ထုတွေ ကဗျာတွေ ခံစားမယ်။ မျှဝေမယ်။ သုံးသပ်မယ်။ သူတို့ကို စာအုပ်တွေ ဖတ်ခိုင်းပြီး အချင်းချင်း မျှဝေခိုင်း ဝေဖန်ခိုင်းတာမျိုး၊ ပုံပြောပြိုင်ပွဲတွေ၊ ကျပန်းစကားပြော ပြိုင်ပွဲတွေ၊ နံရံကပ်စာစောင်တွေ ဖန်တီးပေးတာမျိုး အင်တိုက်အားတိုက် ဖြစ်စေတာမျိုး လုပ်ပေးစေချင်တာပါပဲ။

**စပ်မိလို့**

စကားစပ်မိလို့ ပြောချင်ပါသေးတယ်။ ကျောင်းတွေမှာ စာစီစာကုံးပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေ ကျင်းပတဲ့အခါ ကလေးတွေရဲ့ ကိုယ်ပိုင် အတွေးအရေးမျိုးနဲ့ ရေးစေတာမျိုးကို အားပေးစေချင်တာပါ။

စာရေးသူလည်း ကိုယ်တွေ့ ကြုံဖူးတာတွေ ရှိပါတယ်။ တချို့ကလေးတွေဟာ စာစီစာကုံးတွေ၊ ကဗျာတွေ ပြိုင်ကြတဲ့အခါ စာစီစာကုံးလေး ရေးပေးပါဦး၊ ပြိုင်ပွဲဝင်ချင်လို့ ကဗျာလေး ရေးပေးပါဦးတွေ ရှိပါတယ်။ ဒီလိုပြိုင်ပွဲတွေ ရှိတဲ့အခါမျိုးမှာ မိဘတွေ ကိုယ်တိုင်ကစ နီးစပ်ရာ ဆရာဆရာမတွေဆီ ချဉ်းကပ်ပြီး ဆရာဆရာမတွေ ရေးပေးထားတာကို ကလေးတွေက အလွတ်ကျက်၊ ဆုတွေ ရကြ၊ ကြွားကြ ဝါကြ။ ကြက်တူရွေး ပညာရေး ပွဲတော်ကြီးမှာ ကလေးတွေက ရယ်လို့၊ မိဘတွေက ပြုံးလို့၊ ဆရာ ဆရာမတွေက ရွှင်လို့။ ဒီလို ပညာရေးမျိုးကိုတော့ အားမပေးချင်ပါ။ အားမပေးထိုက်ပါဘူး။

**အနာဂတ်ကို သတ်မပစ်ကြပါနဲ့**

အလွတ်ကျက်ထားတဲ့ စာစီစာကုံးတွေ ပြိုင်ပြီး ကျောင်းဂုဏ်တက်တာ၊ မိဘဂုဏ်တက်တာ၊ ကလေးဂုဏ်တက်တာတွေ မမက်မောစေချင်ပါ။ ကလေးတွေမှာ သူတို့ အသိဉာဏ်နဲ့၊ သူတို့ အရည်အချင်းနဲ့ စီးဆင်းခွင့်ရှိနေစေချင်တာပါ။ အနာဂတ်ကို သတ်မပစ်ကြပါနဲ့။

ကိုယ်ပိုင် အရည်အချင်းနဲ့ ရေးတဲ့စာတွေ၊ ကဗျာတွေ သူတို့လက်၊ သူတို့အတွေးနဲ့ ရေးကြပါစေတော့။ သူတို့ကို လွတ်လပ်ခွင့် ပေးပါတော့။ သူတို့ကို လွတ်လပ်စွာ ဖန်တီးပျံသန်းခွင့် ရှိကြပါစေတော့။ ကြက်တူရွေးတွေရဲ့ စာသင်ခန်း မဖြစ်ကြပါစေနဲ့တော့။

သူတို့ ရေးထားတာ လွဲရင် ပြင်ပေးပေါ့၊ တည့်မတ်ပေးကြပေါ့။ အလယ်တန်း ကျောင်းသား တစ်ယောက်ရဲ့ စာစီစာကုံးမျိုးက တော်ရုံမြန်မာစာ ကထိကတောင် လိုက်မမီနိုင်တဲ့၊ လိုက်မရေးနိုင်တဲ့ အရေးအသားမျိုးတွေနဲ့ ဆုတွေ တံဆိပ်တွေနဲ့ နံရံပေါ်မှာ ပြုံးပျော်နေကြတာတွေ ရပ်ကြပါတော့လို့ မေတ္တာစကား ပါးလိုက်ချင်တာပါပဲ။

သူတို့ကို စာတော ကဗျာတောမှာ ပျော်ကြပါစေ။ သူတို့တောင်ပံ သူတို့ခတ်ပြီး ပျံသန်းကြပါစေတော့လေ။

**စာအုပ်သချိုင်း**

ကျောင်းသားလူငယ်လေးတွေ ရှိတယ်။ သူတို့ကို စာစီစာကုံးရေးခိုင်းဖူးတယ်။ ကျောင်းစာကြည့်တိုက် စာစီစာကုံး ရေးခိုင်းတယ်။ ကျောင်း စာကြည့်တိုက်ကို ရောက်ဖူးလားဆိုတော့ စာကြည့်တိုက်က အမြဲပိတ်ထားတာတဲ့။ အဲ့ဒီအကြောင်း ထည့်ရေးကွာ။ ကျောင်းစာကြည့်တိုက်တွေ ကလေးတွေက ဆရာမဆူမှာစိုးလို့ မရေးရဲဘူးတဲ့။ သူတို့ ရေးထားတဲ့ စာစီစာကုံးကို ဖတ်ကြည့်တော့ သူတို့ ကျောင်းစာကြည့်တိုက်လေးဟာ စာဖတ်သူတွေ အပြည့်နဲ့ အပြုံးတွေ ဝေလို့။

စာဖတ်ရှိန် မြှင့်တင်ရေး ဆောင်ရွက်ဖို့ ကျောင်းစာကြည့်တိုက်တွေဟာ ရှင်သန်နေဖို့ လိုပါတယ်။ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းလိုမျိုး ရွေ့လျားစာကြည့်တိုက်တွေ ရှိတယ်။ သူတို့က စာဖတ်ချင်သူတွေဆီ စာအုပ်တွေ ရောက်အောင် ပို့ပေးတယ်။ အဟောင်းအသစ် လာလဲပေးတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိဖို့တော့ လိုတာပေါ့။

**ကချင်ပြည်နယ် စာကြည့်တိုက် ဖောင်ဒေးရှင်း**

ကချင်ပြည်နယ်အတွက် ဝမ်းသာစရာ ကောင်းတာက ကချင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်း ဖြစ်တည်လာတာပါပဲ။ စာရေးသူ ကိုယ်တိုင်ကလည်း စာကြည့်တိုက် ဖောင်ဒေးရှင်း အဖွဲ့ဝင်ပါပဲ။ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ သေနေတဲ့ စာကြည့်တိုက်တွေဆီ သွားတယ်။ ရှင်သန်အောင် လုပ်တယ်။ စာအုပ်တွေ လှူတယ်။ ပရိဘောဂလိုရင် ပရိဘောဂပေါ့။ ဒေသခံတွေနဲ့ ပူးပေါင်းဖို့တော့ လိုတာပေါ့။ ဒေသခံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု မပါဘဲနဲ့တော့ စာကြည့်တိုက်တွေက အသက်ဝင်လာမှာ မဟုတ်။ ရှင်သန်လာမှာ မဟုတ်။

**စာသင်ခန်းများဆီ**

ကချင်ပြည်နယ် စာကြည့်တိုက် ဖောင်ဒေးရှင်း အနေနဲ့ စာကြည့်တိုက်တွေဆီ သွားတယ်။ ဝေးလံခေါင်ပါး စာကြည့်တိုက်တွေဆီ ရွေ့လျားကြတယ်။ ပညာရေးအဖွဲ့အစည်းတွေ ပြန်/ဆက်တွေနဲ့ ပူးပေါင်းပြီး စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းတွေ လုပ်ကြတယ်။ စာပေဟောပြောပွဲတွေ၊ စာသင်ခန်းစကားဝိုင်းတွေ လုပ်ကြတယ်။ စာပေပရဟိတ ဆိုပါတော့။ ကချင်ပြည်နယ် အတွင်းမှာရှိတဲ့ ရပ်ရွာဒေသတွေ၊ ဒေသခံတွေအနေနဲ့ မိမိတို့ ရပ်ရွာအတွင်းမှာ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ စိတ်ပါဝင်စားကြတယ်ဆိုရင် ကချင်ပြည်နယ် စာကြည့်တိုက်နဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း စကားလက်ဆောင် ပါးလိုက်ရပါတယ်။

နောက်မှ ဆက်ပါဦးမယ်။ ။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇွန် ၁၀ ၊ ၂၀၁၉ )

# ၈ နှစ်ပြည့် ကချင်ဒုက္ခသည်များ၏ ပုံရိပ်



ကချင်ပြည်နယ်မှာရှိတဲ့ လွယ်ဂျယ်မြို့နဲ့ မိုင်ဂျာယန်မြို့ဟာ တရုတ်နိုင်ငံနယ်စပ်ဒေသက မြို့နှစ်မြို့ပါ။ မိုင်ဂျာယန်မြို့ဟာ ကချင်လွတ်မြောက်ရေး တပ်မတော်(KIO)ရဲ့ ထိန်းချုပ်မှုအောက်မှာရှိတဲ့ မြို့ဖြစ်ပြီး လွယ်ဂျယ်မြို့ဟာ အစိုးရလက်အောက်ခံမြို့နယ်ခွဲ တစ်မြို့ပါ။ သို့သော် လွယ်ဂျယ်နဲ့ မိုင်ဂျာယန်ဟာ ၅ မိုင်ခန့်သာ ကွာဝေးပြီး ယာဉ်နဲ့ မိနစ် ၂၀ မောင်းစာလောက်ပဲ ကွာဝေးတဲ့ မြို့ ၂ မြို့ပါ။ ၂၀၁၁ ခုနှစ်က စပြီ ကချင်ပြည်နယ်မှာ မြန်မာ့တပ်မတော်နဲ့ ကေအိုင်အေတို့ တစ်ကျော့ပြန်တိုက်ပွဲ ဖြစ်ပွားခဲ့တဲ့အခါ အဲ့ဒီမြို့လေးနှစ်မြို့မှာ စစ်ဘေးရှောင်တဲ့ သူတွေနဲ့ ပြည့်နှက်လာပြီး စစ်ရှောင်စခန်းတွေ အလျှိုလျှို ပေါ်လာပါတော့တယ်။ လွယ်ဂျယ်မြို့မှာ ဆိုင်းဂျာ၊ ဆိုင်းဂျာ (KBC)၊ ညောင်နှစ်ပင်၊ လီဆူစစ်ရှောင်(၁)၊(၂)စတဲ့ စစ်ရှောင်စခန်း ငါးခုရှိပြီး မိုင်ဂျာယန်မှာ စစ်ရှောင်စခန်း တစ်ပါကထောင် စစ်ရှောင်စခန်း (၁)၊(၂)၊(၃)တို့မှာ စုစုပေါင်း စစ်ဘေးရှောင်ပြည်သူ ၇၀၀၀ နီးပါး ရောက်ရှိနေပါတယ်။ အဲဒီ စစ်ရှောင်စခန်းတွေမှာ မိုးမောက်မြို့နယ်ထဲက စိန်လုံ၊ လော့ဒန်၊ လော့မွန်၊ စိန်လုံကဘာ၊ ပန်မ၊ စိန်လုံကဂျီ၊ ခန်ဒုံး၊ မုန်ဒုံ၊ ဝူတိန်းဝုန်းဂေါ့၊ လဂျားယန်၊ မုန်ခါပါ၊ နမ့်ဆိုင်း၊ ပန်ဟုတ်၊ ဇဒင်၊ လူစုပါ၊မုန်းဒိန်ပါ စတဲ့ကျေးရွာကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ကြတာ ဖြစ်ပြီး စစ်ရှောင်ပြည်သူတွေရဲ့ ပုံရိပ်အချို့ကို မြစ်ကြီးနားသတင်းဂျာနယ်က ဓာတ်ပုံသတင်းအနေနဲ့ ဖော်ပြလိုက်ပါတယ်။


























စာ .. ၁၈ မှ »










ဓာတ်ပုံ – **Salai**

သားသမီးတို့၏ ပညာရေးအတွက် မိဘများ၏ အကောင်းဆုံး ရွေးချယ်ရာနေရာ
ဆရာဦးဇင်မောင် (Eco) B.Com(M.I.E), A.G.T.I (Civil) +ဒေါ်ခိုင်သူဇာဝင်း B.Com(M.I.E),(D.I.A,LCCI,UK) တည်ထောင်အုပ်ချုပ်ဖွင့်လှစ်သင်ကြားသည့်
SHWE YAR PYAE PRIVATE SCHOOL MYITKYINA
ရွှေရာပြည့်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
(၁၀) တန်း Day Special တန်းခွဲသစ်
တရင်းလက်ခံပြီ။ "၂၀.၆.၂၀၁၉ တွင် စတင်ဖွင့်လှစ်သင်ကြားမည်"
လူဦးရေ ကန့်သတ်ထားသည်။
သင်တန်းကြေး ▶ တစ်နှစ်ပတ်လုံး (၄) သိန်းကျပ်
■ ဘော်ဒါအပြီးအစီးနေထိုင်နိုင်သည်။
■ အစားအသောက် မိမိအစီအစဉ်ဖြင့် ဘော်ဒါနေနိုင်သည်။
■ Day Special သီးသန့်တက်ရောက်နိုင်သည်။
အမှတ်(၁၁၃)၊ ရန်ကြီးအောင်ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး၊ မြစ်ကြီးနားမြို့။ ၀၉-၂၄၀၂၆၆၇၊ ၀၉-၇၇၇၇၉၂၈၈၂၊ ၀၉-၂၀၅၅၀၀၉၊ ၀၉-၇၈၃၈၈၁၀၉၂၉။




## သင့်ရဲ့ပင်ပန်းမှုတွေကို Perfect Bar မှာဖြေဖျောက်လိုက်ပါ

ကျွန်ုပ်တို့က မပြီးဆုံးနိုင်တဲ့အလုပ်တာဝန်တွေနဲ့ တစ်နေ့တာကို ဖြတ်သန်းနေရတယ်။ ဘဝကိုပင်ပန်းမှုတွေနဲ့ တည်ဆောက်နေရတယ်။ ဒါကြောင့် ပင်ပန်းမှုတွေအတွက် အပန်းဖြေအနားယူဖို့က အရေးကြီးပါတယ်။ ဒီလိုပင်ပန်းမှုတွေကို ဖြေဖျောက်ချင်တယ်ဆိုရင်တော့ Perfect Bar BBQ & Restaurant ကို ကြွရောက်ခဲ့ဖို့ဖိတ်ခေါ်ပါတယ်။

Perfect Bar BBQ & Restaurant မှာ အရသာကောင်းမွန်ပြီး သန့် ရှင်း လတ်ဆတ်တဲ့ ထိုင်းအစားအစာ၊ တရုတ်အစားအစာနဲ့ အနောက် တိုင်းအစားအစာတွေကို မှာယူသုံးဆောင်နိုင်ပါတယ်။

ဒါတင်မကသေးဘူး။ Cocktail, Mocktail နဲ့အဖျော်ယမကာ မျိုးစုံကို လည်း မှာယူသုံးဆောင်နိုင်ပါသေးတယ်။ Perfect Bar BBQ & Restaurant ရဲ့အထူးအစီအစဉ် တစ်ခုအနေနဲ့ တနင်္လာ ညကို Lady Night အဖြစ် သတ်မှတ်ထားပါတယ်။ Lady Night ဆိုသည့်အတိုင်း Perfect Bar မှာ လာရောက်သုံးဆောင်တဲ့ အမျိုးသမီးစားသုံးသူတွေကို Cocktail အခမဲ့တိုက်ပြီး Shisha ကို ၂၀% အထိ လျှော့ချပေးမှာဖြစ်ပါတယ်။ ဗုဒ္ဓဟူး၊ စနေနဲ့ တနင်္ဂနွေနေ့ မှာဆိုရင် စားသုံးသူတွေကို Unplugged အစီအစဉ်တွေနဲ့ ဖျော်ဖြေပေးပြီး Menu မှာမပါတဲ့ အထူးဟင်းလျာတွေကိုလည်း မှာယူသုံးဆောင်နိုင်မှာ ဖြစ်ပါတယ်။ Birthday Party, Staff Party တွေကိုလည်း Perfect Bar က လက်ခံကျင်းပပေးနေပါတယ်။ Perfect Bar & BBQ Restaurant မှ စားသောက်ဖွယ်ရာများက ဈေးနှုန်းသက်သာတဲ့အပြင် စားသုံးသူတွေရဲ့ ရွေးချယ်မှုကို ဦးစားပေးတဲ့ဆိုင် ဖြစ်တဲ့အတွက် လူကြီးမင်းများကို စိတ်ကျေနပ်မှုအပြည့်အဝပေးစွမ်း နိုင်မှာ သေချာပါတယ်။

# ကချင်ပါတီသုံးခု ပူးပေါင်းထားသည့် ကချင်ပြည်နယ်ပြည်သူ့ပါတီ လာပြီ

ဇွန် ၇

ကချင်ပြည်နယ် နိုင်ငံရေးပါတီ သုံးခုပူးပေါင်းထားသည့် ကချင်ပြည်နယ်ပြည်သူ့ပါတီ(KSPP)ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီအဖြစ် ဇွန်လ ၇ ရက်နေ့က မှတ်ပုံတင်ခွင့် ပြုခဲ့ကြောင်း သိရသည်။

KSPP ကို ကချင်ပြည်နယ်အတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီအဖြစ် ကော်မရှင်က ဇွန်လ ၇ ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းပြန်ခဲ့ခြင်း ဖြစ်ပြီး ပါတီမှတ်ပုံတင် အမှတ်မှာ ၁၁၅ ဖြစ်ကြောင်းသိရသည်။

KSPP ရုံး ဆိုင်းဘုတ်တင် အခမ်းအနား၊ လူထုညီလာခံနှင့် ပါတီသစ်ကြိုဆိုပွဲတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP)မှ ဒေါက်တာတူးဂျာက ပြောသည်။

"အခု ကျွန်တော်တို့ ကော်မတီထိုင်မယ်။ မှတ်ပုံတင် လျှောက်တဲ့ ဦးဆောင်ကော်မတီရှိတယ်။ ထိုင်ပြီးတော့ ရှေ့ဆက် လုပ်ရမယ့်ဟာကို ဆွေးနွေးမယ်။ ရှေ့ဆက်လုပ်ရမှာက ရုံးမှာဆိုင်းဘုတ်တင်မယ်၊ လူထုညီလာခံလုပ်ရမယ်။ ပါတီသစ်ကြိုဆိုပွဲ၊ လူထုစည်းဝေးပွဲတွေ ဆက်လုပ်သွားဖို့ ရှိတယ်။ အဓိက ဆိုင်းဘုတ်တင်ပြီး ရုံးကို စနစ်တကျ ဖွင့်လှစ်သွားမယ်"ဟု ဒေါက်တာတူးဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကချင်ပြည်နယ်ပြည်သူ့ပါတီ(KSPP) ရုံးချုပ်ကို ယခင် ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)ရုံးနေရာတွင် ယာယီထားရှိပြီး ဇွန်လ ဒုတိယအပတ်တွင် ကော်မတီ အစည်းအဝေး တစ်ရပ် ပြုလုပ်ပြီးနောက် ဆိုင်းဘုတ်တင် အခမ်းအနား ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် ဇွန်လ ၇ ရက်မှစတင်၍ရက်ပေါင်း ၉၀ အတွင်း ပုဒ်မ ၅ (စ) နှင့်အညီ ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀ ပြည့်မီအောင် စည်းရုံးပြီး၊ ပါတီဝင်အင်အား စာရင်းကို မြို့နယ်အလိုက် စုစည်းကာ ကော်မရှင်သို့ တင်ပြရမည်ဖြစ်သည်။

ယင်းအပေါ် ဒေါက်တာတူးဂျာက "ပါတီဝင် အသစ်တွေကို ဖောင်ဖြည့်ပြီး ပါတီဝင်သစ်တွေကို စုဆောင်းသွားမယ်။ မြို့နယ်အလိုက် ပါတီရုံးတွေ ဖွင့်သွားမယ်။ ၃ လအတွင်း ကျွန်တော်တို့က ပြည်နယ်အတွင်းမှာပဲ လှုပ်ရှားမှာ ဖြစ်တဲ့အတွက် လောလောဆယ်ကတော့ ၃ လအတွင်းမှာ ပါတီဝင် ဦးရေ ၅၀၀ ကို ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ပို့ပေးဖို့လုပ်သွားမယ်"ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကချင်ပြည်နယ်ပြည်သူ့ပါတီ(KSPP) ပါတီအသစ် မှတ်ပုံတင် ရရှိသည်နှင့် တစ်ပြိုင်နက် ပူးပေါင်းပါတီတွင် ပါဝင်သည့် ကချင်ပါတီ ၃ ခုကို ကော်မရှင်မှ ဖျက်သိမ်းပြီး ဖြစ်သည်။

ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP) တွင် ပူးပေါင်းထားသည့် ကချင်နိုင်ငံရေး ပါတီများမှာ ဒေါက်တာတူးဂျာ၏ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)၊ ဦးအောင်ခမ်း(ခ) ဦးအောင်ဝါ၏ ကချင်ဒီမိုကရက်တစ်ပါတီ(KDP)နှင့် ဦးခက်ထိန်နန်ဦးဆောင်သော စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(မနောတိုင်ပါတီ)တို့ ဖြစ်သည်။ ■

Salai